**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**



# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည်မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၉၇)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး (၁)စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင်မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက”ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ယခုအသက် ၂ နှစ်သားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၃၉၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့်ဆင်ဖြူတော်လေးဖြစ်ပြီး

**စာမျက်နှာ ၁၅ ကော်လံ ၁ ▶▶|**

**ဆောင်းပါး**



## မြေပဲ နှမ်း နေကြာ ပန်းတိုင်ထွက်ရှိရေး ဆောင်ရွက်ကြစို့

စာ-၁၃ သို့

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ (၁/၂၀၂၄)အစည်းအဝေးကျင်းပ

စာ-၁၁ သို့

**နေပြည်တော် ဇူလိုင် ၂၃**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ခန္တီး | ၃ | ဒသမ | ၁၉ | လက်မ | ညောင်တုန်း | ၂ | ဒသမ | ၄၀ | လက်မ |
| တောင်ငူ | ၂ | ဒသမ | ၉၆ | လက်မ | ကျိုက္ကမီ | ၂ | ဒသမ | ၃၂ | လက်မ |
| ကျောက်ဖြူ | ၂ | ဒသမ | ၈၈ | လက်မ | ရှမ်းရွာသစ် | ၂ | ဒသမ | ၂၄ | လက်မ |
| ဥက္ကံ | ၂ | ဒသမ | ၇၆ | လက်မ | ဖျာပုံ | ၂ | ဒသမ | ၁၇ | လက်မ |




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၄ ရက်)

# ဘက်မလိုက်ရေးအခြေခံမူများကို လိုက်နာဆောင်ရွက်ရန်

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံအချင်းချင်းဆက်ဆံရာတွင် ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေစိတ်ထားဖြင့် ဆက်ဆံလျက်ရှိသည်။ အဆိုပါနိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံအပေါ် မိတ်ဆွေစိတ်ထားဖြင့်ပြန်လည် ဆက်ဆံရန်လိုအပ်သည်။ ဂျီနီဗာမြို့တွင် ဇွန်လ ၁၈ ရက်မှ ဇူလိုင်လ ၁၂ ရက်အထိကျင်းပခဲ့သည့် လူ့အခွင့်အရေး ကောင်စီ၏(၅၆)ကြိမ်မြောက်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးပွဲများကို သက်ဆိုင်ရာ နိုင်ငံမပါဝင်ဘဲကျင်းပခဲ့သည်။ ဤသည်မှာအခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့်ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုစသည်တို့နှင့်သွေဖည်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီသည် အစည်းအဝေး ကာလအတွင်း အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)ကတင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်းအတည်ပြုခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ပံ့ပိုးပေးရန်မေတ္တာရပ်ခံသည့်အချက် အလက်များအားထောက်ပံ့ပေးခဲ့သော်လည်း အစီရင်ခံစာတင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက် သမားများ၏ပြောကြားချက်များကိုသာလိုရာဆွဲဖော်ပြခဲ့သည်။ အစီရင်ခံစာတွင် တိုင်းရင်းသားအရေးနှင့် ဘာသာရေးဆိုင်ရာတင်းမာမှုများဖြစ်စေသောAA အကြမ်းဖက်အဖွဲ့၏ဒေသခံလူထုအပေါ် ကြီးလေးသော ကျူးလွန်မှုများအားလည်းကောင်း၊ အစိုးရကိုဆန့်ကျင်သည့် အခြားလက်နက်ကိုင်အဖွဲ့များ၏အကြမ်းဖက် လုပ်ရပ်များကိုလည်းကောင်း လျှော့ပေါ့ဖော်ပြထားသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်း က ဖယ်ကြဉ်ရန်သိသာစွာဦးတည်ထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်အကြမ်းဖက်အဖွဲ့အစည်းများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ အပြစ်မဲ့အရပ်သား ၇၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏အကြမ်းဖက်လုပ်ရပ်များနှင့် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို ရှုတ်ချရမည့်အစား ယင်းအဖွဲ့အစည်းများနှင့်ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကိုတိုက်တွန်းလျက်ရှိသည်။ ထိုလုပ်ရပ်တိုက်တွန်းချက်မှာ ပြည်သူအားလုံး၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ၏ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

အထူးအစီရင်ခံစာတင်သွင်းသူကထုတ်ပြန်ထားသည့် တာဝန်မဲ့သောအစည်းအဝေးစာရွက်စာတမ်းများတွင် တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကိုထောက်ပံ့နေသယောင် လွဲမှားစွာဖော်ပြထားရာ အထင်အမြင်လွဲမှားမှုများနက်ရှိုင်းစွာဖြစ်ပေါ်စေသည်။ ယင်းစာရွက်စာတမ်းများတွင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် ပြင်းထန်သောသက်ရောက်မှုများဖြစ်ပေါ်လာစေနိုင်သည်ကို လျစ်လျူရှုလျက် မြန်မာနိုင်ငံ အပေါ် တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် မှတမှုကင်းမဲ့စွာတောင်းဆိုထားသည်။

အိုအိုင်စီကမကြာသေးမီကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများ၌ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်၏ အဓိကအကြောင်းရင်းကိုဖော်ပြရန်ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် ပြဿနာအား အဓိပ္ပာယ်ရှိစွာစိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ရည်ရွယ်ချက်တင်းမဲ့ကြောင်းကိုပြသလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့်သာယာဝပြော ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ကွင်းဆင်းလေ့လာရေး၊ ခရီးသွားလာရေးနှင့် ဝန်ထမ်းများနေရာရွှေ့ပြောင်းရေးတို့ကို အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းအပေါ်ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့်ဆုံးဖြတ်ချက်အဆိုများ၊ ယင်းတို့၏နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူမပြုသဖြင့် မြန်မာနိုင်ငံကအစဉ်တစိုက်ဆန့်ကျင်သည်။ မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့် အရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်ထိတွေ့ဆက်ဆံရာတွင် ဘက်မလိုက်ရေးအခြေခံမူများကို ကျင့်သုံးရန်နှင့် နိုင်ငံ၏အချုပ်အခြာအာဏာကိုလေးသိမ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဒီမိုကရေစီ လမ်းကြောင်းဖော်ဆောင်ရေးတို့အတွက် စစ်မှန်သည့်ကြိုးပမ်းမှုများကို ဟန့်တားခြင်းမပြုရန်တောင်းဆိုသည်။

မြန်မာနိုင်ငံတွင်မြို့ရွာများ၊ လမ်းတံတားများ၊ စာသင်ကျောင်းများ၊ မီးရထားလမ်းများကိုဖျက်ဆီးနေသည် မှာ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများသာဖြစ်သည်။ ထို့ပြင် ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်နိုင်ငံ့ ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်နေသည်မှာလည်း အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများသာဖြစ်သည်။ ဤသည်ကိုထင်ရှားစွာတွေ့မြင်နေပါလျက် မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူ တို့၏ကောင်းကျိုးစီးပွားထိခိုက်အောင် မဟုတ်မမှန်ထုတ်ပြန်သည့် လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘက်မလိုက်ရေးအခြေခံမူများကို သမာသမတ်ရှိရှိ(ဘက်မလိုက်စွာ)လိုက်နာဆောင်ရွက်သွားရန်လိုအပ်ပါ ကြောင်း ရေးသားလိုက်ရပေသည်။ ။

---

တောင်တွင်းကြီး၊ လှူမှုရေး

## စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာအား ကွင်းဆင်းစစ်ဆေး

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကိုဆောင်ရွက်ရန် မှာကြားထားသည်နှင့်အညီ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မောင်းတိုင် (၂)ရပ်ကွက်ရှိ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်နိုင်ရေး မြေနေရာ ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါမြေနေရာအား ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်း၊ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် တာဝန်ရှိသူများက တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက်ရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှမတည်ငွေ နှင့် ရပ်ကွက်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် စာကြည့်တိုက်အဆောက် အအုံသစ်ဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီး စာကြည့်တိုက်မြေနေရာအား တိုင်းတာခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ရန်နောင်စိုး (ပြန်/ဆက်)**

---

မင်းဘူး၊ လှူမှုရေး

## တောင်သူနည်းပညာပေးသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများသီးနှံစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ စိုက်ပျိုးနည်းစနစ်တို့ကိုအခြေခံ၍ ဒေသတွင်း သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေးအတွက် မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သည့် တောင်သူနည်းပညာပေးရက်တိုသင်တန်းကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် မင်းဘူး(စကု)မြို့နယ်ရှိ သိမ်ကုန်း နည်းပညာပြန့်ပွားရေးစင်တာဝင်းအတွင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပို့ချပေးရာ ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ဒေသခံတောင်သူ ၅၀ ဦး တက်ရောက်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သီးနှံသက်တမ်းအလိုက် လိုက်နာဆောင်ရွက်ရမည့်နည်းစနစ်များ၊ မြေဆီလွှာကျန်းမာသန်စွမ်းဖွံ့ဖြိုးတိုးတက်စေရန် သဘာဝမြေဩဇာများပြုလုပ်သုံးစွဲနည်းနှင့် ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲရေး၊ သီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်သုံးစွဲ စိုက်ပျိုးရေး၊ အထွက်နှုန်းပိုမိုရရှိရေး၊ သီးနှံများ၏အရည် အချင်းလက္ခဏာများ၊ သီးနှံများတွင်ကျရောက်တတ်သည့် ရောဂါပိုးမွှားများအကြောင်းနှင့် ရောဂါပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရမည့်အချက်များ၊ သစ်စိမ်းမြေဩဇာကို ပြုလုပ်သုံးစွဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး သီးနှံအထွက်နှုန်းတိုးတက်ခြင်းနည်းပညာများ စသည့်အကြောင်းအရာများကို သင်တန်းနည်းပြများက အသေးစိတ်ဆွေးနွေးပို့ချကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

---

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၂၄-၇-၂၀၂၄(ဗုဒ္ဓဟူးနေ့)

### မြဝတီရုပ်မြင်သံကြား

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၄၀ မျိုးချစ်တပ်မတော်
၅။ ၇း၄၅ မြန်မာ့ရှုခင်း
၆။ ၈း၃၅ Movies and Movies
၇။ ၈း၄၅ ဇာတ်လမ်းတို
၈။ ၉း၃၅ ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး
၉။ ၁၀း၅၀ Liked
၁၀။ ၁၁း၂၅ သီချင်းလက်ဆောင်
၁၁။ ၁၁း၄၀ Sport Review
၁၂။ ၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
၁၃။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၄။ ၁၆း၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၁၅။ ၁၈း၄၀ Music Gallery
၁၆။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း -မရှိမအလင်း အပိုင်း(၁၀)**

### MWD Variety Channel

၁။ ၁၀း၁၇ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၂။ ၁၁း၃၂ ရောင်စုံပျံ့သင်းစာပန်းခင်း
၃။ ၁၂း၄၆ ရှာဖွေလေ့လာ ပြတိုက်မှာ
၄။ ၁၄း၁၇ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆း၁၅ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၆။ ၂၁း၀၅ ကွယ်လွန်ထင်ရှားအနုပညာရှင်များ

---

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကွန်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်နိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၁၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၁၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဇူလိုင် ၂၄

## နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးမျိုးမြင့်မောင်အား ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမျိုးမြင့်မောင်အား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးမျိုးဆွေ | ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) | ဦးခင်ဇော်(၂) | ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

နေပြည်တော် ဇူလိုင် ၂၃

## နိုင်ငံတကာအင်ဂျင်နီယာပညာရေး အသိအမှတ်ပြုမှု ကွန်ဖရင့် ၂၀၂၄ အခမ်းအနားကျင်းပ




အင်ဂျင်နီယာပညာရေးနှင့် နည်းပညာဆိုင်ရာစဉ်ဆက်မပြတ်တိုးတက်နိုင်စေရေး ရည်ရွယ်ကျင်းပသည့် နိုင်ငံတကာအင်ဂျင်နီယာပညာရေး အသိအမှတ်ပြုမှုကွန်ဖရင့် ၂၀၂၄ (International Conference on Engineering Education Accreditation 2024 - ICEEA 2024)အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့်ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ တက်ရောက်သည်။

ထို့ပြင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ International Engineering Alliance (IEA)၊ World Federation of Engineering Organizations (WFEO)၊ Federation of Engineering Institutions of Asia and the Pacific (FEIAP)၊ Engineers Australia (EA)၊ Institute of Engineering Education Taiwan (IEET)၊ China Association for Science and Technology (CAST)၊ Board of Engineers Malaysia (BEM)၊ Pakistan Engineering Council (PEC)၊ Institute of Engineers Malaysia (IEM) စသည့် နိုင်ငံတကာအင်ဂျင်နီယာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပြည်တွင်းရှိ အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာရှင်များက သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီးက ယနေ့ပြုလုပ်သည့် International Conference on Engineering Education Accreditation 2024 (ICEEA 2024)အခမ်းအနားကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏အင်ဂျင်နီယာပညာရေးဆိုင်ရာ ကော်မတီတို့မှ ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း၊ "ရေရှည်တည်တံ့သည့် ကမ္ဘာသို့ ဦးတည်သော ပိုမိုကောင်းမွန်သည့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာဖြေရှင်းမှုများ ရရှိလာနိုင်မည့် အင်ဂျင်နီယာပညာရေး(Engineering Education for Better Engineering Solutions To a Sustainable World)"ဟူသော ယခုနှစ်ညီလာခံ၏ ဆောင်ပုဒ်သည် ခေတ်ကာလနှင့်ကိုက်ညီပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် ခေါင်းစဉ်ဖြစ်ကြောင်း၊ ယခုညီလာခံမှအင်ဂျင်နီယာပညာရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမည့်များစွာသော အတွေ့အကြုံများ ရရှိမည်ဟုယုံကြည်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် Federation of Engineering Institutions of Asia and the Pacific (FEIAP) ၏ဥက္ကဋ္ဌ၊ World Federation of Engineering Organization (WFEO) ဥက္ကဋ္ဌ Mr. Mustafa B. Shehu တို့က အမှာစကားများပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် World Federation of Engineering Organization (WFEO)၊ International Engineering Alliance (IEA)၊ Institute of Engineering Education Taiwan (IEET)၊ Engineers Australia (EA)၊ Board of Engineers Malaysia (BEM)၊ TH Georg Agricola University ၊ South Asian University၊ GIK Institute of Engineering Sciences and Technology, Pakistan၊ နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ Committee on Education in Engineering, World Federation of Engineering Organization တို့မှ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များနှင့် ပညာရှင်များက ခေါင်းစဉ်အလိုက် ဆွေးနွေးခြင်း၊ စာတမ်းတင်သွင်းဖတ်ကြားခြင်းတို့ ဆောင်ရွက်ကြမည့်အပြင် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပဖိတ်ခေါ်ပညာရှင်များနှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာပညာရှင်များက ဆွေးနွေးခဲ့မှုများအပေါ် သိရှိလိုသည်များ ဝိုင်းဝန်းမေးမြန်းဆွေးနွေးခြင်းများပြုလုပ်ကြမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၂၃

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းပြီး စည်းမျဉ်း/စည်းကမ်းများ၊ လူမှုကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)ကို အရာထမ်း ၁၁ ဦးဖြင့် ဖွဲ့စည်းပေးထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ တားဆီးကာကွယ်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း/အမှုထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

"ယခု အထက်ပေါင်းလောင်းတွင် ချောင်းတစ်လျှောက် ငါးနေရာ၌ မျက်မြင်လေ့လာခြင်း၊ စိန်လွန်တွင်းများတူး၍စမ်းသပ်ခြင်း စသည်ဖြင့် စမ်းသပ်မှုမျိုးစုံပြုလုပ်ပြီးမှ နောက်ဆုံးတစ်နေရာကို ရွေးခဲ့သည်။ ခေတ်မီနည်းပညာ ဘူမိဗေဒတိုင်းတာမှုနည်းပညာတစ်ခုဖြစ်သည့် Seismic Refraction Survey ဖြင့်ပါတိုင်းတာခဲ့သည်။

စုစုပေါင်းစိန်လွန်တွင်းပေါင်း ၄၉ တွင်း တူးဖော်စစ်ဆေးခဲ့သည်။ ၆-၅-၂၀၀၄ ခုနှစ်က စတင်ခဲ့သော တမံတည်နေရာစမ်းသပ်ရွေးချယ်မှုသည် ၁၆ လအကြာ ၂၀၀၅ ခုနှစ် စက်တင်ဘာလကုန်တွင် အစီရင်ခံစာပြီးမြောက်ခဲ့သည်. . ."

**ယမန်နေ့မှအဆက်**

တမံတည်နေရာရွေးချယ်မှု၊ တမံအမျိုးအစားရွေးချယ်မှုနှင့် ရေသွယ်စနစ်ရွေးချယ်မှုအားနည်းပါက -

(က) စီမံကိန်းကုန်ကျစရိတ်ပိုများမည်။
(ခ) တည်ဆောက်ရေးကာလပိုကြာမည်။
(ဂ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုပိုများမည်။
(ဃ) တည်ဆောက်ပြီးပါကလည်း ရေအားအဆောက်အအုံများ ရေရှည်တည်တံ့မှုအတွက် ထိန်းသိမ်းစရိတ်များမည်။ အချိန်မရွေး မြေပြို၊ တောင်ပြိုသည့်ဒဏ်ခံရနိုင်သည်။
(င) အလျှဉ်းမသင့်ပါက တမံရောစက်ရုံပါ အန္တရာယ်ဖြစ်ပေါ်နိုင်သည်။ လူအများအပြား ရေဘေးအန္တရာယ်ကြုံရနိုင်သည်အထိ ဖြစ်စေနိုင်သည်။

ယခု အထက်ပေါင်းလောင်းတွင် ချောင်းတစ်လျှောက် ငါးနေရာ၌ မျက်မြင်လေ့လာခြင်း၊ စိန်လွန်တွင်းများတူး၍စမ်းသပ်ခြင်း စသည်ဖြင့် စမ်းသပ်မှုမျိုးစုံပြုလုပ်ပြီးမှ နောက်ဆုံးတစ်နေရာကို ရွေးခဲ့သည်။ ခေတ်မီနည်းပညာ ဘူမိဗေဒတိုင်းတာမှုနည်းပညာတစ်ခုဖြစ်သည့် Seismic Refraction Survey ဖြင့်ပါ တိုင်းတာခဲ့သည်။

စုစုပေါင်းစိန်လွန်တွင်းပေါင်း ၄၉ တွင်း တူးဖော်စစ်ဆေးခဲ့သည်။ ၆-၅-၂၀၀၄ ခုနှစ်က စတင်ခဲ့သော တမံတည်နေရာစမ်းသပ်ရွေးချယ်မှုသည် ၁၆ လအကြာ ၂၀၀၅ ခုနှစ် စက်တင်ဘာလကုန်တွင် အစီရင်ခံစာပြီးမြောက်ခဲ့သည်။

တမံတည်နေရာနှင့်အမျိုးအစားရွေးချယ်မှုအရေးကြီးကြောင်း သီးခြားစာအုပ်တစ်အုပ်ရေးသည့်အခါ ထပ်မံရှင်းပြရပါဦးမည်။ ယခု RCC အကြောင်းဆက်ပါမည်။

CVC ဖြစ်စေ၊ RCC ဖြစ်စေ မသွန်းလောင်းမီအသုံးပြုမည့် ရောစပ်ပစ္စည်းများ၏အရည်အသွေးကို ဦးစွာစစ်ဆေးရသည်။

အထက်ပေါင်းလောင်းစီမံကိန်းတွင် စစ်ဆေးမှုများအားလုံးကို British Standards (BS)၊ Japanese Industrial Standards (JIS) နှင့် American Society for Testing and Materials (ASTM) စသည့်စံများဖြင့် စစ်ဆေးသည်။

| | |
|---|---|
| ဘိလပ်မြေအတွက် | ၈ မျိုး |
| သဘာဝပိုဇိုလန်အတွက် | ၂ မျိုး |
| မြစ်သဲအတွက် | ၄ မျိုး |
| ခဲ့ကျောက်အတွက် | ၁၀ မျိုး |

စသည်ဖြင့် စမ်းသပ်မှုမျိုးစုံကို စမ်းသပ်ခဲ့သည်။

RCC ကွန်ကရစ်တွင်လည်း အောက်ခံအုတ်မြစ်ညှိခြင်း (Leveling Concrete)ကို သီးခြားအချိုးဖြင့် ရောစပ်သည်။ Leveling Concrete ဆိုသည်မှာ မညီညာသော အောက်ခံကျောက်သားအုတ်မြစ်ပေါ်တွင် မျက်နှာပြင်ညှိသည့်ကွန်ကရစ် ဖြစ်သည်။

Leveling Concrete အတွက် ရောစပ်ထားသောအချိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

**RCC Leveling Concrete ရောစပ်မှုအချိုး(၁ ကုဗမီတာ RCC) အတွက်**

| Sr.No | Admixture | Content (kg/m³) |
|---|---|---|
| 1. | 40-20 mm Aggregate | 418 |
| 2. | 20-10 mm Aggregate | 378 |
| 3. | 10- 5 mm Aggregate | 436 |
| 4. | 5- 0 mm Aggregate | 745 |
| 5. | Cement | 160 |
| 6. | Pozzolan | 145 |
| 7. | Water | 160 |
| 8. | Chemical (conplast-R) | 1.08* |

(*ရေနှင့်အလေးချိန်အချိုး ၀ ဒသမ ၆၈ ရာခိုင်နှုန်းထည့်ခြင်းဖြစ်သည်)

ဖော်ပြပါကွန်ကရစ်များသွန်းလောင်းချိန်တွင် ကွန်ကရစ်၏ပျော့အိမှုမှာ 4('-2) Centimeter အထိ ခွင့်ပြုထားသည်။

ဖော်ပြခဲ့သော Leveling Concrete အချိုးကို ဓာတ်ခွဲခန်းတွင် တစ်နှစ်ကြိုတင်၍ စမ်းသပ်မှုပြုလုပ်ခဲ့သည်။ စမ်းသပ်မှုများစွာပြုလုပ်ခဲ့သည့်အနက်တစ်ခုကိုသာ ဖော်ပြပါမည်။

**RCC Leveling Concrete Strength by Ages**

| Age | Strength | |
|---|---|---|
| | Mpa | Psi |
| 7 Days | 9.48 | 1375 |
| 28 Days | 13.42 | 1945 |
| 91 Days | 17.38 | 2520 |
| 365 Days | 20.17 | 2924 |

**RCC အတွက် ကြိုတင်ပြင်ဆင်မှုများ**

RCC သွန်းလောင်းရာတွင်ပါဝင်မည့် Coarse & Fine Aggregate ၏ ပုံသဏ္ဍာန်နှင့်ဂုဏ်သတ္တိများကို စစ်ဆေးရသလို ဖျော်စပ်စက်ထဲသို့ မရောက်မီတွင်လည်း အမိုးအကာအတွင်း ယာယီထား၍ အပူအအေးနှင့် အစိုဓာတ်ပုံမှန်ဖြစ်စေရန် ထိန်းထားရသည်။ သို့မှသာ ဖျော်စပ်ချိန်၌ ရေချိန်တွယ်ထည့်သွင်းရာတွင် အချိုးအစားမှန်ကန်မည်။

RCC ဖျော်စပ်ရာတွင် အပူချိန်ကိုလျှော့ချ၍ ဖျော်စပ်ရသည်။ ပြင်ပရာသီဥတုအပူရှိန်ကြောင့် ဆောင်ရွက်နေဆဲတွင် အငွေ့ပြန်မှုနည်းစေရန်နှင့်ထည့်လိုက်သည့်ရေကို ကွန်ကရစ်က ရာနှုန်းပြည့်အသုံးချနိုင်စေရန်ဖြစ်သည်။ RCC အပူချိန်ကို ၂၂ စင်တီဂရိတ်ထက်မပိုစေရန် စီစဉ်ခဲ့သည်။ RCC အပူချိန်ကို နာရီဝက်တစ်ကြိမ် စစ်ဆေးရသည်။ အပူချိန်လျှော့ချရန် ကွန်ကရစ်ဖျော်စပ်ရာတွင် ရေခဲပုံဆောင်ခဲ (Ice Flake)များ ပြုလုပ်သုံးစွဲသည်။ ဤအတွက် အထက်ပေါင်းလောင်းစီမံကိန်းတွင် ကွန်ကရစ်ဖျော်စက်နှင့်ကပ်လျက် တစ်ရက်လျှင် တန် ၄၀ ကျနှင့် တန် ၈၀ ကျ ရေခဲစက်နှစ်လုံးတပ်ဆင်ထားသည်။ စုစုပေါင်း နေ့စဉ်ရေခဲ(Ice Flake)တန်ချိန် ၁၂၀ ခန့် ထုတ်လုပ်ပေးနိုင်သည်။

အလားတူပင် ကွန်ကရစ်ဖျော်စက်များမှာလည်း ဂျာမနီနိုင်ငံလုပ် Liebherr Concrete Mixing Plants များကို အသုံးပြုခဲ့သည်။ စက်များသည် Twin Shaft Mixer များဖြစ်ကြသည်။ တစ်ကြိမ်ဖျော်စပ်လျှင် ၃ ကုဗမီတာစပ်သည်။ Mixer စက်လေးလုံးဆင်ထားသည်။ သုံးလုံးကို RCC သုံးပြီး တစ်လုံးကို CVC သုံးသည်။ စက်တစ်လုံး၏ ကွန်ကရစ်ဖျော်စပ်နှုန်းမှာ တစ်နာရီလျှင် ၁၂၅ ကုဗမီတာအထိ ဖျော်စပ်နိုင်၍ သုံးလုံးပေါင်း ၃၇၅ ကုဗမီတာနှုန်းအထိ ထွက်ရှိနိုင်သည်။

**RCC သွန်းလောင်းပုံစနစ်**

RCC သွန်းလောင်းမှုမှာ CVC ကဲ့သို့ မဟုတ်ချေ။ ပုံမှန်အားဖြင့် ကွန်ကရစ်ဖျော်စက်(Batching Plant) (Mixing Plant) မှ ဖျော်စပ်ပေးလိုက်သော RCC ကို တမံပေါ်ရောက်သည်အထိ ပတ္တားလိုင်း (High Speed Conveyors) ဖြင့် ပို့ပေးသည်။ တခြားနည်းများလည်းရှိသည်။ တမံပေါ်တွင် အသင့်စောင့်နေကြသော Dump Truck များက ရောက်ရှိလာသော RCC ကိုခံယူ၍ အနီးရှိသွန်းလောင်းမည့်နေရာသို့ သယ်သွားသည်။ RCC တမံပေါ်တွင် ကွန်ကရစ်မသွန်းလောင်းမီကတည်းက လိုအပ်သော DumpTruck နှင့် Machine ပေါင်းစုံရောက်ရှိနေပြီးဖြစ်သည်။ လုပ်ကွက်ကြိုတင်စီစဉ်ထားပြီးဖြစ်သည်။

အဆိုပါ RCC ကွန်ကရစ်ကို သတ်မှတ်ထားသည့်နေရာတွင် Dump Truck က သွန်ပေးပြီးချိန်တွင် အလိုအလျောက်နိမ့်မြင့်ချိန်ပေးနိုင်သော Laser Guided Leveling Instrument တစ်ပါတည်း တပ်ဆင်ထားသော မြေထိုးစက်(Dozer) က ချက်ချင်းထိုး၍ဖြန့်သည်။ လိုအပ်သောအထူအတွက် ကြိုတင်၍နိမ့်မြင့်မှတ် Level ချိန်ထားပြီးဖြစ်ရာ စက်မောင်းအနေဖြင့် အထူအပါးညှိရန် မြေထိုးဂေါ်(Dozer Blade)ကို အနိမ့်အမြင့်ကစားပေးရန်မလိုတော့ပေ။ Blade က အလိုလိုချိန်၍ ညှိပြီးဖြန့်သွားသည်။

ဆက်လက်ဖော်ပြပါမည်။

**ရန်ကုန်၊ လူမှုရေး**

## မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့မှ ဆေးပညာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုပွဲကျင်းပ




မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ (IMS) မှ ဆေးပညာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင်လ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဆေးပညာကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန ဆေးတက္ကသိုလ်-၁ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်မိုးဝင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါ်သင်းသင်းနွဲ့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ (IMS) မှ ဆေးတက္ကသိုလ်-၁ (ရန်ကုန်) သို့ လှူဒါန်းသည့်အလှူငွေကို မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါ်သင်းသင်းနွဲ့က ပေးအပ်ရာ ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်မိုးဝင့်အောင်က လက်ခံရယူသည်။

ယင်းနောက် ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်မိုးဝင့်အောင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါ်သင်းသင်းနွဲ့နှင့် တာဝန်ရှိသူများက ဆေးပညာဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌသစ်တို့က နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

**နေကိုထိုက်**

ရန်ကုန်၊ ယဉ်ကျေးမှု

## ခရိုင်အဆင့် မြန်မာအက အခြေခံကဗျာလွတ်(ပထမဆင့်)ပြိုင်ပွဲ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌ ခရိုင်အဆင့် မြန်မာအက အခြေခံကဗျာလွတ်(ပထမဆင့်) ပြိုင်ပွဲကို ဇူလိုင်လ ၂၃ ရက်တွင် အင်းစိန်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း(စက်၊ စိုက်၊ မွေး) ၌ ကျင်းပသည်။

ဈေးဦးစွာ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်ခရိုင် ပညာရေးမှူး ဒေါက်တာ သင်းမာလာက ပြိုင်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်းစိန်ခရိုင်အတွင်းရှိ အင်းစိန်မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကိုယ်စားပြုအသင်းများက အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အင်းစိန်မြို့နယ်ကိုယ်စားပြုအသင်းက ပထမ၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ကိုယ်စားပြုအသင်းက ဒုတိယနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကိုယ်စားပြုအသင်းက တတိယရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ အင်းစိန်ခရိုင်ပညာရေးမှူး ဒေါက်တာသင်းမာလာ၊ အင်းစိန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာထွန်း၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းစိန်ခရိုင်အတွင်းရှိ ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**


လှိုင်လင်၊ ကျေးလက်ဖွံ့ဖြိုးရေး

## လှိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင်လ ၂၃ ရက်တွင် ပင်လုံအရှေ့ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာ၌ ကျင်းပသည်။

ဈေးဦးစွာ လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးက ဆင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဆင်တောင်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်(ကျေးလက်)**




ရန်ကုန်၊ ကျေးလက်ဖွံ့ဖြိုးရေး

## တွံတေးမြို့နယ်၌ RBF စီမံကိန်းဖြင့် မွေးမြူထားသော နွားမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ဇူလိုင်လ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများသည် ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေဖြင့် ကျေးလက်မေတ္တာအဖွဲ့၊ လမ်းပြကြယ်အဖွဲ့၊ တိုးတက်စေလိုအဖွဲ့နှင့် ခတ္တိယစံပြအဖွဲ့တို့မှ မွေးမြူထားသော မေထုန်နွား ၁၉ ကောင်နှင့် ဒေသနွားငါးကောင် စုစုပေါင်းနွား ၂၄ ကောင် မွေးမြူထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်သည့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရန် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းချေးငွေ ငွေကျပ် သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေ ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် သိန်း ၄၀၀ ဖြင့် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

ရန်ကုန်၊ သက်မွေးပညာ

## အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ တတိယအကြိမ်မြောက် ကျောင်းအခြေပြု သင်တန်းဖွင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိကာ အခြေခံစက်ချုပ်သင်တန်းများ၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လျက်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ကျောင်းအခြေပြုသင်တန်း တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ခင်မောင်တင်**

နေပြည်တော် ဇူလိုင် ၂၃

# မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဌမအကြိမ်မြောက်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့အစဉ်အလာများ ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးစီးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို အဆောက်အဦဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်းအပြင် ဥပဒေဖြင့်ပါ ကာကွယ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့လာရပါက ကာကွယ်နိုင်ရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်ကိုလည်း သုတေသနလုပ်ငန်းများ၊ မြေပုံများရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံဆိုင်ရာကာကွယ်ထိန်းသိမ်းရေးဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသည့် ဘုရားစေတီ ၃၈၉ ဆူအတွင်းမှ ပြုပြင်ရန်ကျန်ရှိသည့် ဘုရားအမှတ်(၁၅၉၇) သဗ္ဗညုဘုရားကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များစီမံခန့်ခွဲရေးဌာနတို့အကြား ငလျင်အလွန် ပုဂံဒေသရှိ သမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အများပြည်သူ အသိပညာဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဥပဒေ(မူကြမ်း)တို့ကိုအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဒြပ်ရှိ/ဒြပ်မဲ့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဖော်ထုတ်စာရင်းပြုစုနေမှု၊ ယဉ်ကျေးမှုပြတိုက်များ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရန် သဘာဝအမွေအနှစ်များသတ်မှတ်ခြင်းဆောင်ရွက်နေမှု၊ စေတီ၊ ပုထိုး စသည့် သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာဘုရားပုထိုးများအား Digital နည်းပညာဖြင့် ပြုလုပ်ဆောင်ရွက်နေမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးဆောင်ရွက်နေမှုများ၊ အမျိုးသားယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ကာကွယ်စောင့်ရှောက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက ဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၂၃

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဘော်လီဘောပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၉ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင်လ ၃၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် ဇူလိုင် ၂၃

# ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အတွင်းရှိ ရပ်ကွက်များ၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ယနေ့တွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာမွေမြို့နယ် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသည် ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကလိုရင်းဆေးရည်များ လိုက်လံခတ်ပေးခြင်း၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးပိုစတာများ ကပ်ထားကြေညာခြင်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ မြို့နယ်အတွင်းရှိ ဈေးများနှင့် အစားအသောက်ရောင်းချသည့်ဆိုင်များ၌ ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချကြရန်၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အများသုံးရေလှောင်ကန်များအတွင်း ကလိုရင်းဆေးရည်များ လိုက်လံခတ်ပေးကြကြောင်းသိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

မော်လမြိုင်ကျွန်း၊ စိုက်ပျိုးရေး

## ပေါ်ဆန်းရင်မျိုးစေ့ထုတ်စံပြကွက်စိုက်ခင်းစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာ ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းရှိ ကွင်းအမှတ် (၁၃၀) ဦးပိုင်အမှတ် (၂၈) စံပြလယ်မြေ ၆ ဧက ပေါ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ပေါ်ဆန်းရင်မျိုးစေ့ထုတ်စံပြကွက် စိုက်ခင်းစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင်လ ၂၂ ရက်တွင် ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်က ပေါ်ဆန်းရင်မျိုးစေ့ထုတ် စိုက်ပျိုးခြင်းဖြင့် အရည်အသွေးကောင်းမွန်သော မျိုးသန့်မျိုးစေ့များရရှိလာခြင်း၊ မျိုး၏ကောင်းမွန်သော မူလဗီဇအရည်အသွေးကို ထိန်းသိမ်းထားနိုင်ခြင်း၊ အပင်ပေါက်နှုန်းကောင်းမွန်ညီညာ၍ ကြီးထွားမှုမြန်ဆန်ခြင်း၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်း၊ ပေါင်းမြက်ကင်းစင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

ထို့ပြင် သီးနှံအထွက်နှုန်းကို (၁၀-၁၂) ရာခိုင်နှုန်းအထိ ပိုမိုထွက်ရှိစေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်၌ ယခုနှစ်အတွင်း မျိုးစေ့ထုတ်စံပြစိုက်ခင်းဧက ၅၇၀ အား စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစပြီး ဇူလိုင်လ(၃၁)ရက်နေ့အထိ နေ့စဉ်နံနက် ၆း၀၀ နာရီမှစပြီး ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှစပြီး နိုဝင်ဘာလ(၃၀)ရက်နေ့အထိ နေ့စဉ်နံနက် (၆း၀၀)နာရီမှ (၈း၀၀) နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ နံနက် (၈း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀း၀၀)နာရီမှ နံနက် (၁၂း၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂း၀၀)နာရီမှ မွန်းလွဲ (၁၃း၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃း၀၀)နာရီမှ ညနေ (၁၄း၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ (၁၄း၀၀) နာရီမှ ညနေ(၁၅း၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ (၁၅း၀၀)နာရီမှ (၁၆း၀၀)နာရီအထိချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ (၁၆း၀၀)နာရီမှ ည (၁၇း၀၀)နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည (၁၇း၀၀) နာရီမှ (၁၉း၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည (၁၉း၀၀)နာရီမှ (၂၁း၀၀) နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည (၂၁း၀၀)နာရီမှ (၂၃း၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

### (၁. ၈. ၂၀၂၄)မှ (၃၀. ၁၁. ၂၀၂၄)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | "ဝ" | ၀၆း၀၀-၀၈း၀၀ နာရီ |
| ၂။ | ကချင် | ၀၈း၀၀-၁၀း၀၀ နာရီ |
| ၃။ | ကယား | ၁၀း၀၀-၁၂း၀၀ နာရီ |
| ၄။ | စကောကရင် | ၁၂း၀၀-၁၃း၀၀ နာရီ |
| ၅။ | အနောက်ပိုးကရင် | ၁၃း၀၀-၁၄း၀၀ နာရီ |
| ၆။ | အရှေ့ပိုးကရင် | ၁၄း၀၀-၁၅း၀၀ နာရီ |
| ၇။ | ချင်း(လိုင်ဇိုး) | ၁၅း၀၀-၁၆း၀၀ နာရီ |
| ၈။ | ချင်း(ချိုး) | ၁၆း၀၀-၁၇း၀၀ နာရီ |
| ၉။ | မွန် | ၁၇း၀၀-၁၉း၀၀ နာရီ |
| ၁၀။ | ရခိုင် | ၁၉း၀၀-၂၁း၀၀ နာရီ |
| ၁၁။ | ရှမ်း | ၂၁း၀၀-၂၃း၀၀ နာရီ |

ညောင်ဦး၊ လူမှုရေး

## ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ချွတ်ယွင်းပျက်စီးနေသည့် စက်ရေတွင်းအားပြန်လည်ပြုပြင်ပေး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကမ်းဖြူကျေးရွာ၌ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ ချွတ်ယွင်းပျက်စီးနေသဖြင့် ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေအခက်ကြုံတွေ့နေရသောကြောင့် ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရဦးဆောင်သည့် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က သောက်သုံးရေဖူလုံစေရန်သွားရောက်ပြုပြင်ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါကျေးရွာရှိ လေးလက်မ စက်ရေတွင်းမှာ မြေအောက်အနက်ပေ ၁၀၄၀ ရှိပြီး နှစ်ကာလကြာမြင့်မှုကြောင့် ရေမော်တာနှင့်ရေပိုက်များချွတ်ယွင်းပျက်စီးပြီးကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ အခက်ကြုံနေရသောကြောင့် ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သောဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က စေတနာအလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၁ သိန်းဖြင့် ချွတ်ယွင်းပျက်စီးသည့် စက်ရေတွင်းအား 10 HP မော်တာနှင့် ဆက်စပ်ပစ္စည်းများ အသစ်တပ်ဆင်ခြင်း၊ ရေပိုက် အလုံး ၄၀ တို့ကို အသစ်လဲလှယ်တပ်ဆင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြားသည်။

ယခုအခါ ညောင်ဦးမြို့နယ် ကမ်းဖြူကျေးရွာတွင် ချွတ်ယွင်းပျက်စီးနေသည့် စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ထောင်စု ၄၀၀ ကျော်ရှိ လူဦးရေ ၁၅၀၀ ကျော်နှင့် နွားကောင်ရေ ၇၀၀ ကျော်၊ ဆိတ်ကောင်ရေ ၈၆၀ ကျော်တို့အတွက် သောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်းသတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကလေးဘဝ ကူးစက်တတ်သောရောဂါများ

ကူးစက်တတ်သောရောဂါ အများစုသည် မျက်စိဖြင့်မမြင်နိုင်သော ရောဂါပိုးမွှားများ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်မှုကြောင့် ဖြစ်ရခြင်းဖြစ်သည်။ ဤရောဂါပိုးများဝင်ရောက်ခြင်းမရှိအောင် ကာကွယ်လိုလျှင် ကလေးဘဝတွင် ကာကွယ်ဆေးများ စုံလင်အောင်ထိုးထားသင့်သည်။ ရောဂါများသည် နည်းအမျိုးမျိုးဖြင့်ကူးစက်တတ်သောကြောင့် ရောဂါပိုးများကူးစက်ပျံ့နှံ့မှုကို ဦးစွာသိထားရန်လိုသည်။

အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ လည်ချောင်းနာခြင်းနှင့် ပါးချိတ်ရောင်ရောဂါတို့ကိုဖြစ်စေသော ရောဂါပိုးမွှားများသည် လေထုထဲမှတစ်ဆင့် ပြန့်ပွားကူးစက်နိုင်သည်။ ရောဂါရှိသူ ချောင်းဆိုးလျှင်၊ စကားပြောလျှင်ပင် ရောဂါပိုးမွှားများ လေထဲသို့ ပျံ့နှံ့ပြီး တခြားသူထံရောက်ရှိကာ ရောဂါကူးစက်ခံရနိုင်သည်။ အရေပြားပေါ်၌ ဖြစ်စေတတ်သောရောဂါများမှာ တိုက်ရိုက်ထိတွေ့ပွတ်သပ်မိလျှင် ကူးစက်တတ်သည်။ ထို့ပြင် မျက်နှာသုတ်ပဝါ၊ အဝတ်အစားတို့ကို ရောနှောသုံးစွဲလျှင်လည်း ကူးစက်တတ်သည်။ ဝမ်းနှင့်ပတ်သက်သောရောဂါများမှာမူ မသန့်ရှင်းသောလက်များဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ရာမှ ဖြစ်တတ်သည်။ ဝမ်းသွားပြီးတိုင်း လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စက္ကန့် ၂၀ ကြာ ပွတ်တိုက်ဆေးကြောသင့်သည်။ လက်တွင် ပြည်တည်နာ(ဝဲ) များပေါက်နေသည်ကို ဂရုမစိုက်ဘဲ အစားအသောက်ကို ကိုင်တွယ်လျှင် ရောဂါပိုးများသည် အစားအသောက်မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်နိုင်သည်။ ခြင်၊ ယင်၊ ကြွက်၊ သန်းတို့ကလည်း ရောဂါပိုးများကို သယ်ဆောင်နိုင်၍ ရောဂါရနိုင်သည်။

ယခုအခါ ကူးစက်တတ်သောရောဂါများကို ကာကွယ်တားဆီးပေးမည့်ကာကွယ်ဆေးအမျိုးမျိုးရှိနေပြီဖြစ်ပြီး အဆိုပါကာကွယ်ဆေးများကို ကလေးဘဝကတည်းက ပြည့်စုံစွာထိုးနှံပေးလျက်ရှိသည်။ အသက်နှစ်လ၊ လေးလနှင့်ခြောက်လတို့တွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး၊ အသည်းရောင်ဘီကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေး ငါးမျိုးစပ်ကာကွယ်ဆေး (Pantavalid) ထိုးနှံထားရမည်ဖြစ်သည်။ အသက်နှစ်လနှင့်တစ်နှစ်တွင် အဆုတ်တီဘီရောဂါကာကွယ်ဆေး (BCG) ထိုးနှံသင့်သည်။ ကလေးအသက်ကိုးလနှင့် အသက် ၁၈ လတို့တွင် ဝက်သက်ကာကွယ်ဆေးထိုးနှံသင့်သည်။ အသက် ၅-၁၄ နှစ်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံသင့်သည်။ အမျိုးသမီးငယ်များ အသက် ၈-၁၂ နှစ်တွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို တစ်လခြား နှစ်ကြိမ်ထိုးနှံသင့်သည်။ ကလေးအသက် ၅-၁၈ နှစ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်၊ ထပ်ဆင့်မြှင့်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံသင့်သည်။ ကလေးအသက် ငါးလတွင် အသက်ရှူလမ်းကြောင်းရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ရိုတာဗိုင်းရပ်စ် (Rotavirus) ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးသင့်သည်။

ကလေးငယ်များသည် အအေးမိ၊ နှာစေး၊ ချောင်းဆိုးဖြစ်လွယ်ပြီး ထိုသို့မဖြစ်အောင် ယနေ့ထိတိုင် မည်သူမျှ အောင်မြင်စွာ မကာကွယ်နိုင်သေးပေ။ နို့တိုက်မိခင် နှာစေး၊ ချောင်းဆိုးနေလျှင် နို့စို့ကလေးကိုလည်း ကူးစက်မည်မှာအမှန်ဖြစ်သည်။ မိခင်အနေဖြင့် နှာခေါင်းနှင့်ပါးစပ်ကို ဖုံးအုပ်ထားသည့် Mask တပ်ဆင်ပြီးမှသာ ကလေးငယ်ကို နို့တိုက်ခြင်း၊ ရေချိုးပေးခြင်း၊ အဝတ်အစားလဲပေးခြင်းနှင့် ဖြည့်စွက်စာကျွေးခြင်းတို့ ပြုလုပ်ပါက ကလေးကို ရောဂါပိုးမကူးစက်အောင် ကာကွယ်နိုင်သည်။ တခြားသူများ နှာစေး အအေးမိနေပါကလည်း မိမိကလေးငယ်ကို ၎င်းတို့နှင့် ဝေးဝေးထားသင့်သည်။ ထိုသို့ဖြစ်နေသူများသည် ကလေးငယ်ကို ချီမြှောက်ချော့မြူခြင်း၊ နမ်းခြင်း လုံးဝ မပြုလုပ်သင့်ပေ။

သတိပြုရန်မှာ မွေးကင်းစကလေးများမှလွဲ၍ တခြားသောကလေးငယ်များကို အအေးမမိအောင်၊ နှာမစေးအောင် အထူးဂရုစိုက်ကာကွယ်ပေးရန်မလိုပေ။ ကလေးအသက် ၆-၇ နှစ်အရွယ်တွင် အအေးမိခြင်းမဖြစ်အောင် ကာကွယ်နိုင်သည်။ ရာသီအလိုက် သင့်လျော်သောအဝတ်အစားများကို ဝတ်ဆင်ပေးသင့်သည်။ တုပ်ကွေးသည် မိုးဦးကျရာသီတွင် အဖြစ်များသောကြောင့် တုပ်ကွေးကာကွယ်ဆေးကြိုတင်ထိုးနှံထားခြင်းဖြင့် ကာကွယ်နိုင်သည်။

ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်ဘီ၊ ဦးနှောက်အမြှေးရောင်ရောဂါများသည် ကလေးငယ်အတွက် အလွန်အခံရခက်သော ဝေဒနာဆိုးများဖြစ်ပြီး အသက်သေဆုံးသည်အထိဖြစ်တတ်သည်။

> **"အသက်နှစ်လ၊ လေးလနှင့်ခြောက်လတို့တွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး၊ အသည်းရောင်ဘီကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေး ငါးမျိုးစပ်ကာကွယ်ဆေး (Pantavalid) ထိုးနှံထားရမည်ဖြစ်သည်။ အသက်နှစ်လနှင့်တစ်နှစ်တွင် အဆုတ်တီဘီရောဂါကာကွယ်ဆေး (BCG) ထိုးနှံသင့်သည်။ ကလေးအသက်ကိုးလနှင့် အသက် ၁၈ လတို့တွင် ဝက်သက်ကာကွယ်ဆေးထိုးနှံသင့်သည်။ အသက် ၅-၁၄ နှစ်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံသင့်သည်။ အမျိုးသမီးငယ်များ အသက် ၈-၁၂ နှစ်တွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို တစ်လခြား နှစ်ကြိမ်ထိုးနှံသင့်သည်. . ."**

ဆုံဆို့နာသည် ရောဂါပိုးဝင်ရောက်ပြီး ၇-၁၂ ရက်ကြာပြီးမှ ရောဂါလက္ခဏာများပေါ်လာတတ်သည်။ ဆုံဆို့နာဖြစ်သောကလေးငယ်နှင့်ထိတွေ့ရသော တခြားကလေးများကို ရောဂါနှင့်ထိတွေ့စ တစ်ရက်၊ နှစ်ရက်အတွင်း ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ရောဂါလက္ခဏာများ မပေါ်လာအောင် ကာကွယ်တားဆီးပေးနိုင်သည်။

ကြက်ညှာချောင်းဆိုးသည် ရောဂါပိုးဝင်ပြီး ခုနစ်ရက်ကြာမှ ရောဂါလက္ခဏာများပေါ်လာတတ်သည်။ ၄-၅ ပတ်အထိ တခြားသူများကို ကူးစက်နိုင်သည်။ ထို့ကြောင့် သီးသန့်ခန်းတွင် သီးခြားကုသမှုခံယူသင့်သည်။

အသည်းရောင်ဘီက အသည်းကင်ဆာဖြစ်စေသည်။ အသည်းရောင်ဘီရောဂါရှိသည့်မိခင်က ကလေးကိုနို့တိုက်ခြင်းဖြင့် ကူးစက်နိုင်သည်။ သွေးသွင်းကုသမှုများ၊ မသန့်ရှင်းသောဆေးထိုးအပ်များမှတစ်ဆင့်လည်းကူးစက်နိုင်သည်။

ဦးနှောက်အမြှေးရောင်ရောဂါမှာ မိုးအကုန် ဆောင်းအကူးရာသီတွင် ကူးစက်မှုအများဆုံးရောဂါဖြစ်ပြီး လူကြီးမှတစ်ဆင့် ကလေးငယ်ထံ လေမှတစ်ဆင့် ကူးစက်စေသည်။ ထို့ကြောင့် ငါးမျိုးစပ်ကာကွယ်ဆေး (Pantavalid) ကို အသက်နှစ်လ၊ လေးလနှင့် ခြောက်လအရွယ်တို့တွင် သက်ဆိုင်ရာ ဒေသန္တရဆေးခန်းများ၌ စာရင်းပေးကာ ထိုးနှံနိုင်သည်။

ဝက်သက်ရောဂါကိုလည်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်ထားနိုင်သည်။ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံရုံဖြင့် ၉၀ ရာခိုင်နှုန်းခန့် ကာကွယ်ထားနိုင်သည်။ ဝက်သက်ကာကွယ်ဆေးထိုးပြီး ၂၄ နာရီမှ ခြောက်ရက်ကြာသည်အထိ အဖျားတက်တတ်သည်။ ဝက်သက်ရောဂါသည် ကလေးငယ်များတွင်ဖြစ်လျှင် ပြင်းထန်တတ်သဖြင့် ကာကွယ်ဆေးကို ကြိုတင်ထိုးနှံထားသင့်သည်။ ကာကွယ်ဆေးကို အသက်ကိုးလနှင့် ၁၈ လတို့တွင် နှစ်ကြိမ်ထိုးနှံသင့်သည်။

ရေကျောက်ဖြစ်ခြင်းကို ကာကွယ်ဆေးဖြင့် မကာကွယ်နိုင်သေးပေ။ ကလေးငယ်များတွင် ရေကျောက်မှာ ကြီးကျယ်သောရောဂါမဟုတ်သဖြင့် ချူချာသောကလေးမဟုတ်လျှင် အထူးကာကွယ်ရန် မလိုအပ်ပေ။ သို့သော် မိသားစုတွင် ကလေးတစ်ဦးရေကျောက်ပေါက်လျှင် ကျန်ကလေးလေးပုံသုံးပုံမှာ ကူးစက်သွားလေ့ရှိသည်။

ပါးချိတ်ရောင်ခြင်းမဖြစ်စေရန် ကလေးအသက် ၅-၁၄ နှစ်တွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးသင့်သည်။ ပါးချိတ်ရောင် သို့မဟုတ် ဂျိုက်သိုးရောဂါသည် ကူးစက်တတ်သော်လည်း မိမိနေအိမ်၌ပင် ပြုစုကုသနိုင်သည်။ ကလေးငါးဦးအနက် တစ်ဦးတွင်သာ ရောဂါကူးစက်လေ့ရှိသည်။

ပိုလီယို အကြောသေရောဂါသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကင်းစင်သွားသော်လည်း မြန်မာနိုင်ငံ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်၊ ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ ဖြစ်ပွားနေဆဲဖြစ်သောကြောင့် ယနေ့တိုင် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းတို့တွင် ပါဝင်နေဆဲဖြစ်သည်။ အကြောသေရောဂါဖြစ်သူကလေးများကို ကူးစက်ရောဂါကုဆေးရုံများ၌ သီးသန့်ထား၍ကုသရသည်။ ရောဂါရပြီး ၁၄ ရက်အကြာတွင် တခြားသူများထံ ရောဂါကူးစက်နိုင်သောအခြေအနေမရှိဟု ယူဆရသည်။

အဆုတ်ရောဂါ(TB)သည် မြန်မာနိုင်ငံ၌ အဖြစ်များသည်။ ရောဂါမဖြစ်ရန် ကာကွယ်နည်းများရှိသည်။ ကလေးအသက်နှစ်လနှင့် တစ်နှစ်သားတွင် BCG ထိုးနှံခြင်းဖြင့်ကာကွယ်နိုင်သည်။ တခြားအသက်အရွယ်အပိုင်းအခြားတွင် BCG ထိုးဆေးက အစွမ်းမပြနိုင်ပေ။ အဆုတ်တီဘီရောဂါမှာ မျိုးရိုးလိုက်သောရောဂါမဟုတ်သော်လည်း မိသားစုတွင် တီဘီဆေးသောက်သုံးနေရသူ၊ တီဘီဖြစ်နေသူရှိလျှင် ကလေးငယ်ကိုကူးစက်ရန် အလွယ်ကူဆုံးဖြစ်သည်။ ရောဂါရှိသူနှင့် နီးကပ်စွာနေလျှင်သော်လည်းကောင်း၊ အဆုတ်တီဘီပိုးပါသောနွားနို့ကို မကျက်တကျက် သို့မဟုတ် အစိမ်းသောက်လျှင်သော်လည်းကောင်း တီဘီရောဂါကူးစက်တတ်သည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် ကလေးများသေဆုံးမှုများသောရောဂါများတွင်ပါဝင်သောကြောင့် ယခုအခါ တစ်ကမ္ဘာလုံး ကာကွယ်ဆေးထိုးနှံနေကြပြီဖြစ်သည်။ ရိုတာဗိုင်းရပ်စ် (Rotavirus) ကာကွယ်ဆေးတိုက်ကျွေးကာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကိုလည်း ကြိုတင်ကာကွယ်နိုင်ပြီဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာသည် HPV ဗိုင်းရပ်စ် ကူးစက်ခံရသောကြောင့်ဖြစ်သည့်ကင်ဆာရောဂါဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ၈-၁၂ နှစ်အရွယ်အမျိုးသမီးများ တစ်လခြား နှစ်ကြိမ်ထိုးနှံပေးခြင်းဖြင့် ရောဂါကင်းဝေးစေနိုင်သည်။ ။ **ဒေါက်တာလွင်သန့်**

---

**မုံရွာ၊ စိုက်ပျိုးရေး**

# မြေဆီလွှာထိန်းသိမ်းရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေ၊ မျိုး၊ ပိုးရုံးဝင်း၌ မြေဆီလွှာထိန်းသိမ်းရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက မြေအသုံးချရေးဆိုင်ရာ မြေဆီလွှာထိန်းသိမ်းခြင်း၊ မြေဆီလွှာပြုပြင်ခြင်းလုပ်ငန်းများကို သိရှိနားလည်စေရန်၊ အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံအထွက်နှုန်းထိခိုက်နိုင်မှု လျော့နည်းစေရန်နှင့် မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းထားနိုင်ရေး၊ မြေဆီလွှာကောင်းမွန်စေရေး၊ ပေါင်းမြက်နှိမ်နင်းရေးတို့အတွက် နည်းစနစ်များနှင့် အကျိုးကျေးဇူးများကိုသိရှိစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး(စီမံ) ဦးထွန်းရှိန်က တောင်သူနည်းပညာပေးလက်ကမ်းစာစောင်များကို တာဝန်ရှိသူများထံပေးအပ်ပြီး သင်တန်းကိုဆက်လက်ပို့ချရာ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက မြေဆီလွှာဖုံးအုပ်ခြင်းဆိုင်ရာ၊ တိုင်းဒေသကြီး မြေအသုံးချရေးဌာနခွဲ ဦးစီးအရာရှိ ဒေါ်ဖြူဇာဝင်းက မြေဆီလွှာထိန်းသိမ်းရေးဆိုင်ရာနည်းလမ်းများနှင့် တိုင်းဒေသကြီး မြေအသုံးချရေးဌာနခွဲ ဒုတိယဦးစီးမှူး ဒေါ်အိရတနာထွန်းက သီးနှံ၊ သစ်တော ရောနှောစိုက်ပျိုးခြင်းတို့ကို သင်ကြားပို့ချပေးသည်။

ထို့နောက် မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းရန် သရက်ပင်အား မြေဖုံးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကျွန်းစု၊ လူမှုရေး

# ပန်းဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပန်းဇင်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း၌ ဇူလိုင်လ ၂၂ ရက်တွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြ သူများက နမောတဿသုံးကြိမ်ရွတ်ဆိုပြီး သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည် ကြကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ် များအား ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဝါဆိုသင်္ကန်း နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ပန်းဇင်ကျေးရွာ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ ထံမှ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစု အတွက် ရေစက်သွန်းချအနုမောဒနာတရား တော်များကို နာယူကြည်ညိုကြကြောင်း သိရ သည်။

(၄၁၂)

တောင်ကြီး၊ လူမှုရေး

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးအပ်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်း စိန်မြင့်မိုရ်ခန်းမ၌ ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည် နယ်အစိုးရအဖွဲ့မှ ကြီးကြပ်မှုဖြင့် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်လူမှုရေးဝန်ကြီး ဦးမင်းမင်းလွင် က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်



အစိုးရအဖွဲ့ဝင်လူမှုရေးဝန်ကြီး ဦးမင်းမင်းလွင် နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုများရရှိ သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ပြီး စာပေပညာရှင်များနှင့် အကဲဖြတ် ဒိုင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်သရုပ်ပြတင်ဆက် ကြကြောင်း သိရသည်။

(၉၀၅)

ပခုက္ကူ၊ လူမှုရေး

# ပခုက္ကူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေး

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများပူးပေါင်း၍ ဇူလိုင်လ ၂၂ ရက် တွင် ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာ ဈေးကြီး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချ ရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက် ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်နိုင် လင်းနှင့် ဝန်ထမ်းများ၊ ခရိုင်စားသုံးသူရေးရာဦးစီး ဌာနမှဝန်ထမ်းများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဝန်ထမ်း များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ဈေး ကော်မတီဝင်များပူးပေါင်း၍ ပခုက္ကူမြို့အမှတ် (၁)စည်ပင်သာယာဈေးကြီးအတွင်း/အပြင်ရှိ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ် စတစ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများ၊ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ စွန့်ပစ်ပစ္စည်းလျှော့ချ ရေးဆိုင်ရာ ထုတ်ပြန်ထားသည့်စည်းမျဉ်း စည်းကမ်းနှင့်လုပ်ငန်းအစီအစဉ်များ၊ ပလတ် စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျော ဖက်၊ အင်ဖက်၊ စက္ကူများဖြင့်သာ ထုပ်ပိုး ရောင်းချခြင်း၊ ဝယ်ယူခြင်းများပြုလုပ်ရေး၊ လတ်ဆတ်သန့်ရှင်းသော အသား/ငါး၊အသီး အရွက်နှင့်စားသောက်ကုန်ပစ္စည်းများ ရောင်းချ ရေးနှင့်ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှု အား အလေးထားဆောင်ရွက်ရေးတို့ကို အသိပညာပေး ရှင်းလင်းဟောပြောကြ သည်။

ယင်းနောက် တာဝန်ရှိသူများက သဘာဝ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့်ပလတ် စတစ်လျှော့ချသုံးစွဲရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူစသည့် ပလတ်စတစ် အစားထိုးပစ္စည်းများကို ဈေးရောင်းဈေးဝယ် ပြည်သူများထံ လိုက်လံဖြန့်ဝေကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ဆတိုးဂုဏ်မြင့်တင့်ပါစေ လူငယ်တွေ

- မာနတရား၊ ထောင်လွှားလွှားနှင့် ကြိုးစား၍ဖြစ်၊ ကံအသစ်က အဖြစ်ရင်းခံ၊ ပို့သည်မှန်လည်း တွေးကြံစိတ်ဆောင်၊ ဝင့်ကြွားထောင်က ထောင်လွန်းပြန်လည်း လဲတတ်သည်။
- ငါသိငါတတ်၊ ငါသာမြတ်ဟု ထိခတ်မာန၊ တပပြနှင့် အတ္တကိုင်စွဲ၊ ပညာမဲ့လျှင် ဆင်ခြင်မဲ့သုံး ရှုံးတတ်သည်။
- ဝတ်စားနေထိုင်၊ လူ့မဏ္ဍိုင်၌ ပြိုင်ဆိုင်တုပ၊ ဝါကြွားပြ၍ လူအထင်ကြီး၊ မည်းနည်းဟန်ပန် သုံးဖြုန်းပြန်က၊ မျှဝင်ငွေ မော်လွန်းလေတော့ မွဲတတ်သည်။
- ပညာကြိုးစား၊ ဘွဲ့လွန်များနှင့် လူကြားထင်ပေါ်၊ လူတော်ထက်တင့် ဂုဏ်မြင့်ဝန်းရံ၊ လူသန်စကား ဒေါင်းဟန်ကြွားက၊ သဟဇာတ မမျှအလွဲ၊ ကိုယ်ကျိုးနည်းမည် ထူးကဲမျှော်မှန်း၊ အတ္တလွှမ်းက တော်လွန်းကလည်း လွဲတတ်သည်။
- အို. . . လူငယ်အများ၊ သတိထားလော့ မပေါ့စိတ်ရင်း၊ ရိုးသားခြင်းဖြင့် မပျင်းလို့လ၊ စည်းကမ်းကျလျက် ပညာထက်မိုး၊ ပြည်ကောင်းကျိုးကို ဆတိုးဂုဏ်မြင့် တင့်စေသတည်း အမျိုးဂုဏ်ဆင့် ဝင့်စေသတည်း။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၂၄-၇-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

နေပြည်တော် ဇူလိုင် ၂၃

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ




နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ပျဉ်းမနားမြို့ မင်္ဂလာဇေယျာပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မင်္ဂလာဇေယျာပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မင်္ဂလာဇေယျာပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၂၃

# ခန္တီးမြို့၊ ပေါ်မိုင်းရပ်ကွက်၊ သာစီရပ်ရှိ ချင်းတွင်းမြစ်ကမ်းနားလမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်ခဲ့သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်များအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၂၂ ရက်တွင် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ခန္တီးမြို့၊ ပေါ်မိုင်းရပ်ကွက်၊ သာစီရပ်ရှိ ချင်းတွင်းမြစ် ကမ်းနားလမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းများအား စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၂၃

# လှည်းကူးမြို့နယ်၊ အဝိုင်းအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ အဝိုင်းအနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကောဝိဒါရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ အဝိုင်းအနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၁၃ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ ဖျားနာရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ အင်းတိုင်တပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၂၃

# ကျန်းမာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးမျိုးစိတ်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးမျိုးစိတ်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပရဝုဏ်၌ ကျင်းပသည်။




အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ငါးသားပေါက်များကို ဝန်ကြီးဌာနရှိ လျှိုပိတ်ဆည်အတွင်းသို့ ဦးစွာစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးလုပ်ငန်းဦးစီးဌာနကပံ့ပိုးသည့် ငါးသားပေါက် ၃၀၀၀၀ ကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရတနာတန်းဝင်ကျွန်းပင် ၄၅ ပင်၊ သရက်ပင် ၁၃၀၊ ပျဉ်းကတိုးပင် ၃၀၊ မဟော်ဂနီပင် ၃၀၊ စိန်ပန်းပင် ၄၀၊ မဲဇလီပင် ၃၀၊ မန်ကျည်းပင် ၃၀၊ ယူကလစ်ပင် ၃၀၊ ပိတောက်ပင် ၃၀၊ ခရေပင် ၄၀၊ စစ်ပင် ၃၀၊ ကံ့ကော် ၁၀ ပင်၊ ငုဝါ ၁၀ ပင်နှင့် ရေတမာ ငါးပင် စုစုပေါင်းသစ်ပင် ၄၉၀ ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ထိုသို့ ဝန်ထမ်းများစုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၀၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဇူလိုင် ၂၃

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ(၁/၂၀၂၄)အစည်းအဝေးကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား





ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီး ကော်မတီ(၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဒုတိယ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေ သနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများတက်ရောက်ကြပြီး မကွေးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၄ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက် အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ရေလှောင် တမံများအား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်း များဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲစေရေး၊ တမံများ၏ခံနိုင်ရည်စံနှုန်း အရည်အသွေးစစ်ဆေးခြင်းများကို အဆင့် အလိုက် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေလှောင်တမံများ၊ ရေလှောင် ကန်များအားလုံး၏ ရေဝင်ရောက်ရာ လမ်းကြောင်းနှင့် ဆည်ရေသောက်ဧရိယာ တစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှုမရှိစေရေး၊ ရေဝင် ရေထွက်ကောင်းမွန်စေရေး အသေးစိတ် လေ့လာဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရေသည် အထက်မှအောက်သို့သာ စီးဆင်း တတ်သည့် သဘောသဘာဝဖြစ်သဖြင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေဝင်ရောက်သည့် အနိမ့်ပိုင်းများ၌ ရေဝင် ထွက်မှုကောင်းစေရန် ဦးစားပေးဆောင် ရွက်ရန်လိုအပ်ကြောင်း၊ ရေစီးရေလာ ကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေး အဓိကထားဆောင်ရွက် ရန်လိုအပ်ကြောင်းကို လမ်းညွှန်မှာကြား ခဲ့ပြီးဖြစ်ပါကြောင်း။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ကြသည့် အခါ ယဉ်ကျေးမှုအမွေအနှစ်အပေါ် ထိခိုက် နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment -HIA) ဆောင်ရွက်ပြီးမှ သာ HIA အကြံပြုချက်နှင့်အညီ ဆောင်ရွက် ကြရန် လိုအပ်သည်ကို အလေးထား ပြောကြားလိုပါကြောင်း။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေ ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန ASI (Archaeological Survey of India) ကလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၁၀ နှစ်စီမံကိန်းဖြင့် ရှေးဟောင်းအဆောက် အအုံပေါင်း ၉၂ ဆူ ပြုပြင်ထိန်းသိမ်းရန် MoU ရေးထိုးပြီး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်ဒေသ ဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ၊ ပြည်တွင်းခရီးသွားဧည့်သည် များ ပုဂံဒေသအတွင်း သွားရောက်လည်ပတ် သည့်အခါတွင် အဆင်ပြေစွာသွားလာနိုင်ရေး အတွက် အသုံးပြုသည့်လမ်းများကောင်းမွန် စေရန်လိုအပ်သည်ဟု နိုင်ငံတော်အကြီး အကဲက လမ်းညွှန်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ငလျင်ဒဏ် ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ရှေးဟောင်း ဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင် ရွက်ပြီးစီးမှုနှင့်ဆောင်ရွက်ဆဲအခြေအနေများ၊ ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည် ပြုပြင်တူးဖော်မှုအခြေအနေများ၊ ပြည်တွင်း/ ပြည်ပပညာရှင်များဖြင့် ပူးပေါင်းဆောင် ရွက်မှုအခြေအနေ၊ ရန်ပုံငွေများ စနစ်တကျ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း များနှင့်အညီ သုံးစွဲဆောင်ရွက်နေမှုအခြေ အနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှဝန်ကြီးချုပ် များနှင့် ဒုတိယဝန်ကြီးများက ပုဂံကမ္ဘာ့အမွေ အနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း ၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်း ရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင် ရွက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး အစည်းအဝေးသို့ တက်ရောက် လာကြသူများက ပုဂံဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ရေတို/ရေရှည်စီမံချက်များ ချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍ အလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြ သည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဦးစီး ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက် ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဥပဒေမရှိလက်နက်အားကိုးနဲ့ အာဏာပြဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ၂၄-၇-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြန်လည်တည်ဆောက်ရေးနဲ့တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့အကြမ်းဖက် ဘယ်သူက တိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီဆိုင်ရာကိစ္စရပ်များ အလို့ငှာ ယာယီသမ္မတ တာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်ပြီး အခြေခံဥပဒေဆိုင်ရာကိစ္စများကို အသိပေးပြောကြားပါမယ်။ ယာယီသမ္မတဦးမြင့်ဆွေရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဇူလိုင်လ ၁၈ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ယာယီသမ္မတ ဦးမြင့်ဆွေကို အထူးဆေးကုသမှုအဖွဲ့နဲ့ ဂရုတစိုက်ကုသပေးလျက်ရှိပါတယ်။ သို့သော် ယာယီသမ္မတတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုမရှိသေးတဲ့အတွက် တာဝန်လွှဲအပ်ခြင်းကို မနေ့က ပြုလုပ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးစွာ အသိပေးပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာမှု၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေ ကြေညာမှုနဲ့ ဒီနှစ်ခုကိုဆက်စပ်ပြီး ဆောင်ရွက်ကြည့်မယ်ဆိုရင် အရေးပေါ်ကာလ မပြီးမြောက်သေးတဲ့ ကာလအတွင်းမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီမှာပါဝင်တဲ့ပုဂ္ဂိုလ်အချို့ လစ်လပ်သွားစေကာမူ ကျန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ တာဝန်တွေကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၄၁၂ (ခ)မှာဆိုရင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နဲ့ ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာနိုင်သည်လို့ ပြဋ္ဌာန်းထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ယာယီသမ္မတရဲ့ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီသမ္မတလစ်လပ်သွားရင် ပုဒ်မ ၄၁၂ (ခ)မှာပါတဲ့အခြေခံဥပဒေရဲ့သဘောတရားများအရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကဆုံးဖြတ်ပေးရတဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကိုဦးဆောင်ရန်အဖို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံးဆောင်ရွက်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုပဲ လွှဲပြောင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီမှာ တစ်ခုရှိတာကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဘာကြောင့် ဦးဆောင်မှုမပြုရသလဲဆိုတာနဲ့ပတ်သက်ပြီး ပုဒ်မ ၄၁၈ မှာတော့ ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်ဥက္ကဋ္ဌပဲရှိပြီး လွှတ်တော်ကြီးမရှိတော့ဘူး။ လွှတ်တော်ဥက္ကဋ္ဌဆက်လက်တည်ရှိနေတာကလည်း ပုဒ်မ ၄၂၄ အရ လွှတ်တော်ဥက္ကဋ္ဌအသစ်များ ရွေးကောက်တင်မြှောက်ပြီးပါက တာဝန်လွှဲပြောင်းရေးအတွက်သာ ကျန်ရှိနေခြင်းဖြစ်လို့ဖြစ်ပါတယ်။ အခြားသောမေးခွန်းတွေဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ယာယီသမ္မတအဖြစ် ဆောင်ရွက်မှာလား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ်ပဲဆောင်ရွက်မှာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးပြောရရင် မနေ့က ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်ထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းအပ်နှံတာဝန်ထမ်းဆောင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေပုဒ်မ ၄၁၁ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာကို ကျင့်သုံးရာမှာ နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အစိုးရအဖွဲ့တို့ကပဲ ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့အတိုင်း မပြောင်းမလဲ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ အထူးအလေးထားပြောကြားလိုတာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

---

ပုသိမ် ဇူလိုင် ၂၃

## ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧက လျာထားစိုက်ပျိုးမည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောကြားချက်အရ သိရသည်။



ပုသိမ်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧကကို ဇူလိုင်လနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ပုသိမ်မြို့နယ်၌ ၅၅၅ ဧက၊ ငပုတောမြို့နယ်၌ ၂၃၉၇ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ၈၇၈ ဧက၊ သာပေါင်းမြို့နယ်၌ ၁၀၃၅ ဧက စုစုပေါင်း ၄၈၆၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီကတည်းက စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဦးဝင်းစိုးက ပြောသည်။

ထိုသို့ စားဖိုဆောင်သီးနှံများစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်းရွက်၊ ရုံးပတီသီး၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်သီး စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

---

စစ်ကိုင်း ဇူလိုင် ၂၃

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေး ကယ်ဆယ်ရေးပစ္စည်းများနှင့်အထောက်အကူပြု ပစ္စည်းများ အသင့်ကြိုတင်ပြင်ဆင်ထား

စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးသည် ငလျင်ပြတ်ရွေ့ကြောပေါ်၌ တည်ရှိသောကြောင့် ငလျင်ဘေးနှင့် တခြားသောသဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီး မီးဘေး၊ ရေဘေး၊ လေဘေး စသည့်ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ သဘာဝဘေးမဖြစ်ပွားမီ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေသလို သဘာဝဘေးအန္တရာယ်ကျရောက်လာတဲ့အခါမှာလည်း ကူညီထောက်ပံ့မှုတွေ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် တိုင်းဒေသကြီးသိုလှောင်ရုံမှာ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးနဲ့ အထောက်အကူပြုပစ္စည်းတွေကို အိမ်ထောင်စု ၂၀၀၀ စာ သိုလှောင်ထားပြီး အသင့်ပြင်ဆင်ထားပါတယ်။ တခြားခရိုင်နဲ့ မြို့နယ်တွေမှာလည်း သတ်မှတ်အိမ်ထောင်စုအလိုက် ကယ်ဆယ်ရေးပစ္စည်းတွေ ဖြည့်တင်းသိုလှောင်ထားပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ကပြောသည်။


သက်ဆိုင်ရာမှ ပြုစုထားသော စာရင်းများအရ ပြီးခဲ့သည့်နှစ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးဘေး ၁၄၅ ကြိမ်၊ လေဘေး ၁၆ ကြိမ်၊ မိုးကြိုးဘေး ခြောက်ကြိမ်၊ မြေပြိုမှုဘေး တစ်ကြိမ်၊ ရေဘေး ခြောက်ကြိမ်နှင့် ထူးခြားသောဘေးတစ်ကြိမ် စုစုပေါင်း ၁၇၅ ကြိမ်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဘေးဖြစ်ပွားမှုများကြောင့် အိမ်ထောင်စု ၃၆၁၆ စု လူဦးရေ ၁၄၆၁၉ ဦး၊ သေဆုံးသူ ၁၃၄ ဦးနှင့် ဒဏ်ရာရရှိသူ ၂၁၅ ဦးတို့အတွက် စုစုပေါင်းငွေကျပ် ၃၃၈ ဒသမ ၇၂၈ သန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

# မြေပဲ နှမ်း နေကြာ ပန်းတိုင်ထွက်ရှိရေး ဆောင်ရွက်ကြစို့

မောင်ကျော်ဇော(ရှင်မတောင်နှံ့သာမြေ)







စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရန် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအစီအမံများချမှတ်ပြီး အဆိုပါဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) ဇုန်အလိုက် စိုက်ပျိုးထုတ်လုပ်မည့်စီမံချက်ကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

## ဆီဖူလုံမှုတွက်ချက်ခြင်း

မြေပဲတစ်တင်းမှ ဆီနှစ်ပိဿာနှုန်းထွက်ရှိ၍ မျိုးအသုံးပြုမှုမှာ တစ်ဧကမြေပဲတောင့် ခြောက်တင်း၊ အလေအလွင့်မှာ အထွက်၏ ၅ ရာခိုင်နှုန်းနှင့် အခြားအသုံးပြုမှုမှာ အထွက်၏ ၅ ရာခိုင်နှုန်း တွက်ချက်သည်။

နှမ်းတစ်တင်းမှ ဆီခြောက်ပိဿာနှုန်းထွက်ရှိ၍ မျိုးမှာတစ်ဧကနှစ်ပြည်နှုန်း၊ အလေအလွင့်မှာ အထွက်၏ ၂ ရာခိုင်နှုန်းနှင့် အခြားအသုံးပြုမှုမှာ အထွက်၏ ၅ ရာခိုင်နှုန်း တွက်ချက်သည်။

နေကြာတစ်တင်းမှ ဆီ ၂ ဒသမ ၅ ပိဿာထွက်ရှိ၍ မျိုးမှာတစ်ဧကလေးပြည်နှုန်း၊ အလေအလွင့်မှာ အထွက်၏ ၂ ရာခိုင်နှုန်းနှင့်အခြားအသုံးပြုမှုမှာ အထွက်၏ ၅ ရာခိုင်နှုန်း တွက်ချက်သည်။ ၆၁၂ ဒသမ ၅ ပိဿာလျှင် ၁ မက်ထရစ်တန်ဟု သတ်မှတ်ပြီး လူတစ်ဦးတစ်နှစ် ဆီစားသုံးမှု ခြောက်ပိဿာနှုန်းဖြင့် တစ်နိုင်ငံလုံးပျမ်းမျှတွက်ချက်သည်။ ဆီထွက်ရှိမှုမက်ထရစ်တန်ကို လူဦးရေစားသုံးရန် လိုအပ်ချက် မက်ထရစ်တန်နှင့် စားကိန်းပြုတွက်ချက်ပါက ဆီဖူလုံမှုရာခိုင်နှုန်းကို သိရှိရမည်။

## မြေပဲသီးနှံ

မြေပဲသီးနှံသည် ဆီထွက်သီးနှံများအနက် တစ်ဧကဆီထွက်ရှိမှု ပိဿာ ၁၀၀ နှင့် အထက်ရရှိနိုင်သည့် သီးနှံနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အရေးပါသော သီးနှံဖြစ်သည်။ မြေပဲတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၅၀ နှင့်အထက်ထွက်ရှိရန် အောက်ဖော်ပြပါ စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို လိုက်နာဆောင်ရွက်ရပါမည်။

### မြေအမျိုးအစား

နုန်းမြေနှင့် သဲနုန်းမြေများတွင် ကောင်းမွန်စွာဖြစ်ထွန်းသည့် နုန်းဆန်သောမြေနီပွများတွင်လည်း စိုက်ပျိုးနိုင်သည်။ သဲ ၇၅ ရာခိုင်နှုန်း၊ နုန်း ၁၅ ရာခိုင်နှုန်းနှင့် ရွှံ့စေး ၁၀ ရာခိုင်နှုန်း ပါဝင်သောယာမြေများ၌ စိုက်ပျိုးသင့်သည်။ ရွှံ့စေးမြေ၊ ကျောက်စရစ်မြေတို့တွင်မူ စိုက်ပျိုးရန်မသင့်ပေ။ ကိုင်းကျွန်းမြေများတွင် ဆောင်းမြေပဲအဖြစ်စိုက်ပျိုးပါက တစ်ဧကပျမ်းမျှတင်း ၅၀ နှင့်အထက် ထွက်ရှိနိုင်သည်။ မြေချဉ်ငန်ဓာတ် ၆ မှ ၆ ဒသမ ၅ အတွင်းရှိ မြေများတွင် အထူးဖြစ်ထွန်းသည်။

### မျိုး

အထွက်နှုန်းကောင်းမွန်၍ ဒေသနှင့်ကိုက်ညီသော မြေပဲမျိုးများကို ရွေးချယ်စိုက်ပျိုးရမည်။ ဆင်းပဒေသာ (၅)မြေပဲမျိုးမှာ သက်တမ်း ရက် ၁၁၀ မှ ရက် ၁၂၀ ရှိ၍ တစ်ဧကလျှင် တင်း ၆၀ မှ တင်း ၈၀ ခန့် ထွက်ရှိနိုင်ပြီး မိုးများခြင်း ဒဏ်ခံနိုင်သည်။ ဆင်းပဒေသာ (၇)မြေပဲမျိုးမှာ သက်တမ်း ၉၅ ရက်မှ ရက် ၁၀၀ ရှိ၍ တစ်ဧကလျှင် တင်း ၅၀ မှ တင်း ၈၀ ခန့် ထွက်ရှိနိုင်ပြီး သက်လျင်အထွက်ကောင်းမျိုးဖြစ်သည်။ ဆင်းပဒေသာ (၁၁)မြေပဲမျိုးမှာ သက်တမ်း ၁၀၅ ရက် မှ ရက် ၁၁၀ ရှိ၍ တစ်ဧကလျှင် ၅၅ တင်းမှ ၈၀ တင်းနှုန်း ထွက်ရှိနိုင်သော အထွက်ကောင်းမျိုး၊ ပင်ထောင်မြေပဲမျိုးဖြစ်သည်။

ကောင်းစွာအောင်မြင်သည့် မြေပဲတောင့်မှ အပင်ပေါက် ၈၀ ရာခိုင်နှုန်း အထက်ရှိသော မြေပဲမျိုးစေ့များကို တစ်ဧကလျှင် တစ်တင်းခွဲမှ နှစ်တင်းနှုန်း အသုံးပြုစိုက်ပျိုးရမည်။ မစိုက်မီ တစ်ပတ်အလိုတွင် အစေ့ထုတ်ရန်ဖြစ်ပြီး သေးလွန်း၊ ကြီးလွန်းသော အစေ့များကို အသုံးမပြုရ။ မိုးခေါင်ဒဏ်ခံရသည့် စိုက်ခင်းမှ မြေပဲကို မျိုးအဖြစ်မရွေးချယ်သင့်ပါ။

### စိုက်ပျိုးချိန်

ယာမြေတွင် မေလ မိုးဦးကျစိုက်ပျိုးရလျှင် အချိန်မီဆောလျင်စွာ ထွန်ယက်စိုက်ပျိုးရမည်။ စိုက်ပျိုးမည့်မြေကို ပေါင်းမြက်အမှိုက်သရိုက်များကင်းစင်ရေးနှင့် အစိုဓာတ်ထိန်းသိမ်းနိုင်ရေးအတွက် ခွေထယ်ရေ ကြိုတင်ခံထားရမည်။ စိုက်ချိန်နောက်ကျပါက အထွက်နှုန်းလည်းလျော့နည်းသွားနိုင်သည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အပူပိုင်းဇုန်ဒေသရှိ မြို့နယ်အချို့တွင် မိုးနှမ်းလျင်နှင့် မိုးဖူးစားပြောင်း ရိတ်သိမ်းချိန် ဩဂုတ်လလယ်တွင် "စက" မြေပဲအဖြစ် စိုက်ပျိုးပြီး နိုဝင်ဘာလကုန်တွင် ရိတ်သိမ်းနိုင်သည်။ မိုးဦးပင်ထောင်မြေပဲထက် မိုးရေချိန်ကောင်းစွာရရှိသဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်ပါသည်။

### စိုက်စနစ်

ပင်ထောင်မြေပဲကို တန်းကြား ၁၂ လက်မ နှင့် ၁၅ လက်မ၊ ပင်ကြား ၄ လက်မနှင့် ပင်ပြန့်မြေပဲကို တန်းကြား ၁၈ လက်မ၊ ပင်ကြား ၆ လက်မ စိုက်ပျိုးရမည်။

### သွင်းအားစု

မြေပဲအမြစ်တွင် နိုက်ထရိုဂျင် ထုတ်လုပ်သော မြစ်ဖုများ ကောင်းမွန်ဖြစ်ထွန်းစေရန် "ပဲမြစ်ဖု"မြေဩဇာကို တစ်ဧကလျှင် တစ်ထုပ်နှုန်းမျိုးစေ့ဖြင့် လူးနယ်စိုက်ပျိုးရမည်။

သဘာဝမြေဩဇာ နွားချေးဆွေး သို့မဟုတ် မြေဆွေးတစ်ဧကလျှင် လှည်းငါးစီးမှ ၁၀ စီးနှုန်း မြေပြင်ချိန်တွင် ထည့်သွင်းအသုံးပြုရမည်။ လချေးမှုန့် ပေါင် ၂၀၀ ကို အပင်သက်တမ်း ခြောက်ပတ်ခန့် ကြားလိုက်ချိန်တွင် အစိုဓာတ်လည်းရှိစေပြီး အပင်ခြေအရောက် ထည့်သွင်းပေးရမည်။

ဓာတ်မြေဩဇာအနေဖြင့် ယူရီးယား ၂၈ ပေါင်မှ ၅၆ ပေါင်၊ တီစူပါ ၈၄ ပေါင်မှ ၁၁၂ ပေါင်၊ ပိုတက် ၂၈ ပေါင်မှ ၃၃ ပေါင်တို့ကို စိုက်ထယ်ရေးပြင်ချိန်တွင် မြေခံအဖြစ်ထည့်သွင်းအသုံးပြုရမည်။

### အပင်ပြုစုစောင့်ရှောက်ခြင်း

မြေပဲပင်အမြင့် ၅ လက်မခန့်တွင် ငါးသွားသံထွန်ဖြင့် ကြားထွန်ဝင်ပေးရမည်။ လက်ပေါင်း တစ်ကြိမ်နှစ်ကြိမ်ခန့် လိုအပ်ပါက လိုက်ပေးရမည်။ မြေပဲပင်သက်တမ်း ၄၅ ရက်အတွင်း ပေါင်းမြက်ကင်းစင်ရေး အထူးဆောင်ရွက်ရန်ဖြစ်သည်။ ပင်ထောင်မြေပဲ ၂၅ ရက်သားခန့်တွင် ပထမပန်းစပွင့်သည်။ မြေပဲမျိုးကိုလိုက်၍ ၄၅ ရက်မှ ရက် ၆၀ ခန့်ကြာမျှ ဆက်လက်ပွင့်သော်လည်း ပထမနှင့် ဒုတိယပန်းပွင့်များသာ မြေပဲတောင့်ဖြစ်ပေါ်နိုင်သည်။ ပန်းစပွင့်သည်နှင့် ကြားထွန်ဝင်ခြင်း၊ ပေါင်တင်ခြင်းများ မပြုလုပ်ရပါ။ စွယ်ချချိန်နှင့် အဆန်ဖြည့်တင်းချိန် အပင်သက်တမ်း ၄၅ ရက်မှ ၇၅ ရက်အတွင်း အစိုဓာတ်လိုအပ်ပါက ရေသွင်းရမည်ဖြစ်သည်။

### ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

အပင်ငယ်စဉ် စုပ်စားပိုး၊ ရွက်လိပ်ရွက်ကပ်ပိုးများ ကျရောက်ပါက ပင်လုံးပြန့်ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် ပင်ဖျန်းနှိမ်နင်းရမည်။ ဖိုးလမင်း၊ ကျိုင်းနှင့်ခြများ ကျရောက်ပါက ပင်လုံးပြန့်ထိသေပိုးသတ်ဆေးခဲ တစ်မျိုးမျိုးကို စိုက်ကြောင်းအတွင်း စနစ်တကျထည့်သွင်းပေးရမည်။

မြစ်ပုပ်၊ ခါးရိနှင့် အစေ့ပုပ်ရောဂါများမှကာကွယ်ရန် သင့်လျော်သော မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် မျိုးစေ့ကိုလူးနယ်စိုက်ပျိုးနိုင်သည်။

### ရိတ်သိမ်းနည်းစနစ်

ပင်ထောင်မြေပဲသည် အများအားဖြင့် အပင်သက်တမ်း ရက် ၁၀၀ မှ ၁၂၀ တွင်လည်းကောင်း၊ ပင်ပြန့်မြေပဲသည် အပင်သက်တမ်း ရက် ၁၃၀ မှ ၁၅၀ တွင်လည်းကောင်း ရင့်မှည့်သည်။ အတောင့်၏ အခွံအတွင်းသား အညိုကွက်များပေါ်နေပါက ကောင်းစွာရင့်မှည့်၍ ရိတ်သိမ်းနိုင်ပြီဖြစ်သည်။ မြေပဲကို မိုးရွာပြီးစမြေစိုနေချိန်တွင် နုတ်သိမ်းခြင်းဖြင့် အမြစ်နှင့်မြေပဲတောင့်များ လွယ်ကူစွာကျွတ်ပါလာနိုင်သည်။ ရိတ်သိမ်းပြီး မြေပဲတောင့်များကို နေလှန်းအခြောက်ခံရမည်။ မျိုးအဖြစ် သိုလှောင်မည်ဆိုပါက နေရောင်အောက်တွင် တိုက်ရိုက်မလှန်းဘဲ အရိပ်တွင် ခပ်ပါးပါးဖြန့်၍အခြောက်ခံပြီး လေလုံစွာသိမ်းဆည်းသိုလှောင်ရမည်ဖြစ်သည်။

## နှမ်းသီးနှံ

နှမ်းသီးနှံသည် စိုက်ပျိုးစရိတ်သက်သာပြီး တောင်သူများလွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်းကြောင့် ဆီထွက်သီးနှံများအနက် စိုက်ဧရိယာ အများဆုံးဖြစ်ရာ ဆီထွက်သီးနှံ စိုက်ဧကစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်။ ရေသယံဇာတကို အကျိုးရှိစွာအသုံးပြုခြင်း၊ ရာသီအလိုက်အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း နှမ်းသီးနှံမျိုးသစ်များ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ ခေတ်မီဖွံ့ဖြိုးလာခြင်းဖြင့် နှမ်းစိုက်ပျိုးသူ တောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝများပြောင်းလဲ တိုးတက်လာနိုင်မည်ဖြစ်သည်။ နှမ်းတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၂၀ ထွက်ရှိရန် အောက်ဖော်ပြပါ စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို လိုက်နာဆောင်ရွက်ရမည်။

### မြေအမျိုးအစား

နှမ်းသီးနှံသည် နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းမြေစေးနှင့် မြေနီသဲဝန်းမြေများတွင် ကောင်းမွန်စွာဖြစ်ထွန်းသည်။ သဲမြေ၊ ကျောက်စရစ်မြေနှင့် ရေထုတ်ရန်ခက်ခဲသောမြေတို့တွင် စိုက်ပျိုးခြင်းကိုရှောင်ကြဉ်ရမည်။ မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၇ ဒသမ သုည အတွင်းရှိ မြေများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

### မျိုး

နှမ်းမျိုးကွဲပေါင်းများစွာရှိသည့်အနက် အဓိကအားဖြင့် သက်တမ်းအရ နှမ်းလျင်မျိုးနှင့် နှမ်းကြီးမျိုးဟူ၍ သတ်မှတ်သည်။ စိုက်ပျိုးမှုရာသီအရ မိုးကြိုရေသွင်းနှမ်း၊ မိုးဦးနှမ်းလျင်နှင့် မိုးနှောင်းဆောင်းနှမ်းဟု ခွဲခြားနိုင်သည်။ အထွက်နှုန်းအရည်အသွေးကောင်းမွန်၍ အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိသော နှမ်းမျိုးများကို အသုံးပြုရန်လိုအပ်သည်။ မိုးကြိုရေသွင်းနှမ်းစိုက်ပျိုးပါက အထွက်နှုန်းပိုမိုကောင်းမွန်၍ ဦးစားပေးစိုက်ပျိုးသင့်သည်။ အသုံးပြုစိုက်ပျိုးရန် အထွက်နှုန်းကောင်း နှမ်းမျိုးများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

ဆင်းရတနာ (၃)နှမ်းမျိုးသည် သက်တမ်း ၈၅ ရက်မှ ရက် ၉၀ အထိရှိပြီး တစ်ဧကလျှင် တင်း ၂၀ ခန့် ထွက်ရှိနိုင်ကာ ထူးခြားချက်မှာ အစေ့အနက်ရောင်၊ ကိုင်းဖြာမျိုးနှင့် အထွက်ကောင်းမျိုးဖြစ်သည်။ ဆင်းရတနာ (၄)နှမ်းမျိုးမှာ သက်တမ်း ရက် ၈၀ မှ ၈၅ ရက်ရှိ၍ တစ်ဧကလျှင် တင်း ၂၀ ထွက်ရှိနိုင်ပြီး ထူးခြားချက်မှာ အစေ့ အဖြူရောင်၊ တစ်ပင်တိုင်မျိုးနှင့် အထွက်ကောင်းမျိုးဖြစ်သည်။ ဆင်းရတနာ (၅)နှမ်းမျိုးမှာ သက်တမ်း ရက် ၈၀ မှ ၈၅ ရက်ရှိ၍ တစ်ဧကလျှင် ၂၃ တင်းခန့် ထွက်ရှိနိုင်ပြီး ထူးခြားချက်မှာ အစေ့အဝါရောင်နှင့်အပူဒဏ်ခံလျက် မိုးကြိုရာသီ၌ စိုက်ပျိုးသင့်သည်။

စာမျက်နှာ ၁၄ သို့ ♦

♦ စာမျက်နှာ ၁၃ မှအဆက်

### စိုက်ပျိုးချိန်

မိုးဦးနှမ်းလျှင်ကို မေလ ပထမမိုးရလျှင်ရချင်းစိုက်ပျိုးရမည်။ မိုးနှောင်းနှမ်း သို့မဟုတ် ဆောင်းနှမ်းကို စက်တင်ဘာလကုန်အပြီး စိုက်ပျိုးရမည်ဖြစ်သည်။ မိုးကြိုရေသွင်းနှမ်း သို့မဟုတ် နွေနှမ်းကို မတ်လကုန်တွင် နောက်ဆုံးထားစိုက်ပျိုးရမည်။ နှမ်းသည် လင်းတာတို ကြိုက်နှစ်သက်သော သီးနှံဖြစ်သည်။

“မင်းဘူး (စကု)မြို့နယ်၌ ယခုနှစ်နွေနှမ်းသီးနှံကို ပေါင်ကြီးတင်စိုက်နည်းစနစ်ဖြင့် မြို့နယ်အတွင်း ပထမဆုံးအကြိမ် တောင်သူပညာပေးစိုက်ပျိုးထားရှိမှု အောင်မြင်ဖြစ်ထွန်း”ဟူသော သတင်းတစ်ပုဒ် မြဝတီနေ့စဉ်သတင်းစာတွင် ဖတ်ရှုလိုက်ရသည်။ ပေါင်ကြီးတင်စိုက်ပျိုးခြင်းအားဖြင့် သီးနှံစိုက်ပျိုးထားရှိချိန်၊ သဘာဝဘေးအန္တရာယ်ကြောင့် မိုးခေါင်မှု၊ ရေကြီးမှု အခြေအနေများတွင် ရေသွင်းရေထုတ်လွယ်ကူစေခြင်း၊ အပင်ဦးရေဝင်ဆံ့မှု မှန်ကန်ခြင်း၊ အပင်ပြုစုစောင့်ရှောက်ရေးလွယ်ကူခြင်းနှင့် ရိတ်သိမ်းချိန်တွင် သီးသန့်ရွေးချယ်၍ မျိုးသန့်အဖြစ် ပြန်လည်သုံးစွဲနိုင်ခြင်း စသည့်ကောင်းကျိုးများရရှိစေနိုင်ကြောင်း မှတ်သားရသည်။

### စိုက်စနစ်

တစ်ဧကသတ်မှတ် အပင်ဦးရေဝင်ဆံ့စေရန် နှမ်းလျှင်မျိုးများတွင် တစ်ပင်တိုင်မျိုးအတွက် တန်းကြား ၁၂ လက်မနှင့် ကိုင်းဖြာမျိုးအတွက် တန်းကြား ၁၅ လက်မဖြစ်ပြီး နှမ်းကြီးမျိုးများအတွက် တန်းကြား ၁၈ လက်မနှင့် ပင်ကြား ၄ လက်မဖြင့် စိုက်ပျိုးရမည်။

### သွင်းအားစု

သဘာဝမြေဩဇာနွားချေးဆွေး သို့မဟုတ် ဒေသသဘာဝမြေဆွေး လှည်းငါးစီးမှ ၁၀ စီး မြေပြုပြင်ချိန်တွင် ထည့်သွင်းပေးရမည်။

ဓာတ်မြေဩဇာအနေဖြင့် ယူရီးယား ၅၆ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက် ၂၈ ပေါင်နှုန်း စိုက်ထယ်ရေးပြင်ချိန်တွင် အသုံးပြုရမည်။ အဖူးစတင်ဝင်ချိန်တွင် တစ်ဧကလျှင် ယူရီးယား ၂၈ ပေါင်နှုန်းနှင့် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ယူရီးယား ၂၈ ပေါင်နှုန်းကို ထပ်မံ၍ အသုံးပြုရမည်ဖြစ်သည်။

### အပင်ပြုစုစောင့်ရှောက်ခြင်း

စိုက်ပျိုးပြီး ငါးရက်ခန့်ကြာလျှင် အပင်စတင်ပေါက်လာပြီး အရွက်လေးရွက် မျက်နှာချင်းဆိုင်ထွက်ချိန် “စက်လှည့်ချိန်”တွင် အပင်တန်းများကို ကန့်လန့်ဖြတ်ဖြစ်စေ၊ ထောင့်တန်းဖြတ်ဖြစ်စေ ထွန်မောင်း၍ နှမ်းမှုန်းပေးရမည်။ ထိုအခါ မြေဆွပေါင်းသင်ခြင်းပြီးမြောက်၍ အပင်သားခွဲခြင်းလည်း ဆောင်ရွက်ပြီးဖြစ်သည်။ လိုအပ်ပါက ရေပေးသွင်းခြင်းကို အပင်ငယ်စဉ်ကာလရက် ၂၀ ခန့်တွင် တစ်ကြိမ်၊ ရက် ၄၀ ခန့် ပန်းစပွင့်ချိန်တွင် တစ်ကြိမ်နှင့် နှမ်းသီးတောင့်စတင်ဖြစ်ပေါ်ချိန် ရက် ၆၀ ခန့်တွင် တစ်ကြိမ် ဒေသရာသီဥတုနှင့်ချင့်ချိန်၍ ဆောင်ရွက်ရမည်။ နှမ်းသီးနှံသည် အပင်ခြေရေဝပ်ခြင်း လုံးဝမခံနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

### ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

ရာသီအလိုက်ကျရောက်တတ်သော နှမ်းဖလံ၊ ရွက်လိပ်ပိုး၊ ရွက်စား၊ ခူဝါ၊ ကျိုင်းကောင်၊ ငမြောင်တောင်၊ ပျ၊ ဖြုတ်ပိုးနှင့် နှမ်းစေ့ထိုးပိုးများကို ပင်လုံးဖြန်း၊ ထိသေပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် အညွှန်းပါအတိုင်း စနစ်တကျ ပက်ဖျန်းနှိမ်နင်းရမည်။ “နှမ်းဖို”ရောဂါ သယ်ဆောင်ဖြစ်စေသော ဖြုတ်ညိုအား ထိသေပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် ထိရောက်စွာကာကွယ်နှိမ်နင်းရမည်။ နှမ်းရိုးမည်းရောဂါ ကျရောက်တတ်ပါက မှိုသတ်ဆေးဖြင့် မျိုးစေ့ကိုလူးနယ်စိုက်ပျိုးနိုင်သည်။

### ရိတ်သိမ်းနည်းစနစ်

နှမ်းစိုက်ခင်းတစ်ဝက်ခန့် အဝါရောင်ရှိလာပါက ရိတ်သိမ်းနိုင်သည်။ ရိတ်သိမ်းပြီး နှမ်းစပါးများကို နှမ်းပုံခြင်းသည် မှိုပါဝင်မှုများပြားစေ၍ နှမ်းအရည်အသွေး ထိခိုက်ကျဆင်းနိုင်စေခြင်းကြောင့် တိုက်ရိုက်နှမ်းထောင်၍ အခြောက်ခံကာ ယူရမည်။ ဖုန်၊ သဲ၊ ခဲကင်းရှင်းပြီး အလေအလွင့်နည်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်သည်။ ခြွေလှေ့သန့်စင်ပြီး နှမ်းများကို မျိုးအဖြစ် ပြန်လည်အသုံးပြုမည်ဆိုပါက အစိုဓာတ် ၉ ရာခိုင်နှုန်း ရရှိသည်အထိ အခြောက်ခံပြီး လေလုံစွာသိမ်းဆည်းသိုလှောင်ရမည်။

### နေကြာသီးနှံ

နေကြာမှာ စိုက်ပျိုးထုတ်လုပ်မှု စရိတ်နည်းပါးခြင်းနှင့် မိုး၊ ဆောင်းရာသီမရွေး သီးထပ်သီးညှပ် သီးနှံပုံစံအမျိုးမျိုးဖြင့် စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။ အထူးအထွက်တိုး နေကြာမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကမှ ဆီပိဿာချိန် အများဆုံး ၂၀၀ အထိ ရရှိနိုင်၍ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူများစွာပြုနိုင်သည့် သီးနှံလည်းဖြစ်သည်။ နေကြာတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၅၀ နှင့်အထက်ထွက်ရှိရန် အောက်ဖော်ပြပါစိုက်ပျိုးရေးနည်းစနစ်ကောင်းများကို လိုက်နာဆောင်ရွက်ရမည်။

### မြေအမျိုးအစား

နုန်းမြေ၊ သဲနုန်းမြေတို့တွင် ပိုမိုအထွက်နှုန်းကောင်းမွန်သည်။ ရွှံ့စေးမြေနှင့် ဆား၊ ဆပ်ပြာပေါက်မြေမျိုးတွင် စိုက်ပျိုးခြင်းမပြုရပါ။ မြေအချဉ်အငန်ဓာတ် ၅ ဒသမ ၅ မှ ၈ အတွင်း စိုက်ပျိုးဖြစ်ထွန်းသည်။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ဆောင်ရွက်ပြီး စိုက်ခင်းမြေမျက်နှာပြင်ညီညာစေရေး အလေးထားဆောင်ရွက်ရန် အထူးလိုအပ်သည်။

### မျိုး

ဒေသနှင့်ကိုက်ညီမည့် အောက်ဖော်ပြပါ အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရမည်။ ရေဆင်းစပ်မျိုး (၁)မှာ သက်တမ်း ရက် ၈၀ မှ ၈၅ ရက်ရှိပြီး တစ်ဧကလျှင် တင်း ၅၀ မှ တင်း ၆၀ ထွက်ရှိနိုင်ပြီး ရွက်ခြောက်ရောဂါဒဏ်ခံနိုင်သည်။ ဆင်းရွှေကြာ (၂) နှင့် ဆင်းရွှေကြာ (၃) မှာ သက်တမ်း ရက် ၈၀ မှ ၈၅ ရက်ရှိပြီး တစ်ဧက တင်း ၃၀ မှ တင်း ၅၀ ထွက်ရှိနိုင်သည်။ အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်ရှိသော မျိုးစေ့များကို တစ်ဧကလျှင် လေးပြည်နှုန်းနှင့် ရေဆင်းစပ်မျိုး (၁)အတွက် သုံးပြည်နှုန်း အသုံးပြုစိုက်ပျိုးရမည်။

### စိုက်ချိန်

မိုးရာသီတွင် မေလ၊ ဇွန်လနှင့် ဆောင်းရာသီတွင် စက်တင်ဘာလ၊ အောက်တိုဘာလတို့တွင် စိုက်ပျိုးရမည်။ ဆောင်းရာသီစိုက်နေကြာသည် အစေ့အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည်။

### စိုက်စနစ်

တစ်ဧကလျှင် အပင်ဦးရေ ၂၉၀၀၀ ဝင်ဆံ့ရန်လျာထား၍ တန်းကြား ၂ ပေ၊ ပင်ကြား ၉ လက်မဖြင့် တစ်ကျင်းလျှင် မျိုးစေ့ နှစ်စေ့နှုန်း စိုက်ပျိုးရမည်။ အပင်ပေါက်နှုန်းကောင်းမွန်စေရန် မြေတွင်းအစိုဓာတ်ရှိချိန်တွင် မျိုးစေ့နှင့် မြေမှုန့်ထိတွေ့စေပြီး မျိုးစေ့အနက် ၁ လက်မခွဲ ၂ လက်မထက်မနက်စေဘဲ စနစ်တကျစိုက်ပျိုးရမည်။

### သွင်းအားစု

သဘာဝမြေဩဇာတစ်ဧကလျှင် နွားချေးဆွေး သို့မဟုတ် မြေဆွေး လှည်းငါးစီးမှ ၁၀ စီးနှုန်း အသုံးပြုရမည်။ ဓာတ်မြေဩဇာအနေဖြင့် တစ်ဧကလျှင် ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက် ၅၆ ပေါင်နှုန်းကို စိုက်ထယ်ရေးပြင်ချိန်တွင်ထည့်ပေးပြီး အဖူးဝင်စချိန်၌ တစ်ဧကလျှင် ယူရီးယား ၅၆ ပေါင်နှုန်း ထပ်မံထည့်ပေးရမည်။

### အပင်ပြုစုစောင့်ရှောက်ခြင်း

အရွက်လေးရွက်မှ ခြောက်ရွက်ရှိချိန် အပင်သက်တမ်း ၁၅ ရက်ခန့်တွင် တစ်ကျင်းတစ်ပင်ချန် သားခွဲပေးရမည်။ အပင်သက်တမ်း ၄၀ ရက်သားအတွင်းကြားထွန်လိုက်ခြင်း၊ ပေါင်းရှင်းခြင်းလုပ်ငန်းများ အပြီးဆောင်ရွက်ရမည်။ အဖူးစတင်ဝင်ချိန်တွင် သတ်မှတ်ထားသည့် ယူရီးယားဓာတ်မြေဩဇာထည့်ပြီး အပင်ယိုင်လဲမှုနှင့် ရေမဝပ်စေရန် ပေါင်တင်ပေးရမည်။ ရေပေးသွင်းခြင်းကို အဖူး ၇၅ ရာခိုင်နှုန်း ဝင်ချိန်နှင့် ပန်း ၇၅ ရာခိုင်နှုန်းပွင့်ချိန်တို့တွင် ဆောင်ရွက်ပေးရမည်။ “နေကြာဝတ်မှုန် ပျားတစ်အုံ”ဆိုသကဲ့သို့ နေကြာစိုက်ခင်းဘေးတွင် ပျားအုံထားရှိပါက ဝတ်မှုန်ကူးမှုမှတစ်ဆင့် အစေ့အဆန်အောင်မြင်စေသည်။

### ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

အပင်ငယ်စဉ် ရွက်စားပိုး၊ ပင်ဖြတ်ပိုးစသည့် ဖျက်ပိုးများကျရောက်တတ်သဖြင့် ထိသေ၊ ပင်လုံးပြန့် ပိုးသတ်ဆေးများဖြင့် သတ်မှတ်နှုန်းထားအတိုင်း ကာကွယ်နှိမ်နင်းရမည်။ ဝတ်မှုန်ကူးပျားများ မထိခိုက်ရန် ပိုးသတ်ဆေးဖျန်းခြင်းကို ပန်းမပွင့်မီစနစ်တကျ ဆောင်ရွက်ရမည်။ နေကြာပင်ငယ်များတွင် မှိုရောဂါကျရောက်မှုကာကွယ်ရန် မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် မျိုးစေ့ကို လူးနယ်စိုက်ပျိုးသင့်သည်။ မျိုးစေ့အောင်မြင်ချိန်တွင် ကျေးငှက်နှင့် ကြွက်အန္တရာယ်များ ကာကွယ်ပေးရမည်။

### ရိတ်သိမ်းနည်းစနစ်

နေကြာပွင့်နောက်ကျောဘက် အဝါရောင်သန်းလာချိန်နှင့် ပွင့်ခံရွက်အဝါရောင်သန်းလာချိန်တွင် အလေအလွင့်နည်းအောင် ရိတ်သိမ်းရမည်။ ရိတ်သိမ်းပြီး တစ်ပွင့်ချင်း တလင်းတွင် နှစ်ရက်မှ သုံးရက်ခန့် နေလှန်းအခြောက်ခံပြီး ခြွေရမည်။ မျိုးအဖြစ် ပြန်လည်အသုံးပြုမည်ဆိုပါက အစေ့တွင်း အစိုဓာတ် ၅ မှ ၆ ရာခိုင်နှုန်းအထိ ရရှိအောင် ဆောင်ရွက်ပြီး လေလုံစွာသိမ်းဆည်းသိုလှောင်ရမည်။

သို့ဖြစ်ရာ အထက်ပါနည်းစနစ်ကောင်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဆီထွက်သီးနှံ ပန်းတိုင်အထွက်တိုးအောင်မြင်မှု ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစားသုံးဆီဖူလုံစေခြင်း၊ နိုင်ငံခြားငွေကုန်ကျမှုသက်သာစေခြင်း၊ ပြည်သူအများ၏ ကျန်းမာရေးအထောက်အကူပြုစေခြင်းနှင့် တောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေခြင်း စသည့်အကျိုးများကြောင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ ပူးပေါင်းပါဝင်လျက် “မြေပဲ၊ နှမ်း၊ နေကြာပန်းတိုင်ထွက်ရှိရေး ဆောင်ရွက်ကြပါစို့”ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဇူလိုင် ၂၃

# အောက်ခြေမြေပြင်၏ မှန်ကန်တိကျသော ပညာရေးဆိုင်ရာစာရင်းအချက်အလက်များကိုအခြေခံ၍ အရည်အသွေးရှိသော ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်

ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ (ဒုတိယနေ့)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဆရာ၊ ဆရာမများအနေဖြင့် ပညာရေးဆိုင်ရာစာရင်းအချက်အလက်များ တိကျမှန်ကန်မှုရှိအောင် ပြုစုဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ အောက်ခြေမြေပြင်၏ မှန်ကန်တိကျသော ပညာရေးဆိုင်ရာစာရင်းအချက်အလက်များကိုအခြေခံ၍ အရည်အသွေးရှိသော ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အောက်ခြေမြေပြင်တွင်ဖြစ်ပေါ်သည့်သတင်းအချက်အလက်များ၊ ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးအဆင့်ဆင့် တင်ပြကြရန်လိုကြောင်း၊ စာသင်ကျောင်း၊ ဆရာ၊ ကျောင်းသား၊ ဝန်ထမ်း၊ ကျား၊ မ စာရင်းများပြုစု၍ မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပါမောက္ခချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက စာရင်းအချက်အလက်များ မွမ်းမံခြင်းဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)



▶▶| ရှေ့ဖုံးမှအဆက်

ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များအသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော် အဖွင့်အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

ရန်ကုန် ဇူလိုင် ၂၃

# နိုင်ငံတကာပြိုင်ပွဲအတွက် ဘိလိယက်၊ စနူကာ၊ 9 Ball Pool လက်ရွေးစင်ကစားသမားရွေးချယ်ပွဲကို ဩဂုတ်လ ၁ ရက်မှ ၇ ရက်ထိ ကျင်းပမည်

နိုင်ငံတကာပြိုင်ပွဲအဖြစ် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် 6th Asian Indoor and Martial Arts Games ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဘိလိယက်၊ စနူကာ၊ 9 Ball Pool လက်ရွေးစင်ကစားသမားရွေးချယ်ပွဲကို ဩဂုတ်လ ၁ ရက်မှ ၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

6th Asian Indoor and Martial Arts Games ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ထိုင်းနိုင်ငံ Chonburi ရှိ Ambassador City Jomtien Hotel Pattaya တွင် နိုဝင်ဘာလ ၂၀ ရက်မှ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

6th Asian Indoor and Martial Arts Games ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘိလိယက်ကစားသမားရွေးချယ်ပွဲနှင့် မြန်မာ့လက်ရွေးစင်စနူကာကစားသမားရွေးချယ်ပွဲတို့ကို ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်း၌လည်းကောင်း၊ မြန်မာ့လက်ရွေးစင် 9 Ball Pool ကစားသမားရွေးချယ်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ၌လည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ 6th Asian Indoor and Martial Arts Games ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင်ကစားသမားရွေးချယ်ပွဲကို ဝင်ရောက်လိုသူများအနေဖြင့် ဇူလိုင်လ ၂၈ ရက် နောက်ဆုံးထားပြီး ဖုန်း ၀၉-၄၂၀၀၁-၆၅၂၂၊ ၀၉-၇၉၀၅၇၃၂၂၄နှင့် ၀၉-၄၄၄၇-၅၃၆၉၁ တို့သို့ ဆက်သွယ်ပြီး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

♦ ကျောဖုံးမှအဆက်

ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကလပ်အသင်းများမှ တာဝန်ရှိသူများ ယခုပြိုင်ပွဲများကို လာရောက်ကြည့်ရှုပြီး ခြေစွမ်းကောင်းရှိသည့် အားကစားသမားများကို သက်တမ်းအလိုက် လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းများအတွက် တိုက်ရိုက်ရွေးချယ်ခေါ်ယူမည်ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ်ခံယူပြီး မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြသနိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်းပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပြီး မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ အရှေ့တောင်အာရှအဆင့်နှင့် အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်စွာရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းများကိုကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံးဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးနေခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၂၃ ရက်မှ ဩဂုတ်လ ၈ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ စိတ်ပါဝင်စားကြသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၂၃

# ဘင်းမ်စတက် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံချက် (Action Plan) အောင်မြင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်မှုမြှင့်တင်




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (BIMSTEC) အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေး (Ambassador Indra Mani Pandey)ကို ယနေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (Action Plan)တွင် ပါဝင်သည့် ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ တိုးမြှင့်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး၊ လယ်ယာကဏ္ဍဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေး အားကောင်းလာစေရေး၊ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေးစသည့်လုပ်ငန်းအစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)




နေပြည်တော် ဇူလိုင် ၂၃

# အပူပိုင်းဇုန်ဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

အပူပိုင်းဇုန်ဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတရေးရာဝန်ကြီး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့်တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်ဖြစ်သော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းနှင့် ကျောက်ပန်းတောင်း-ချောက်-မကွေးလမ်းတို့၏လမ်းမကြီးဝဲ/ယာတွင် ကြီးမြန်သစ်ပင်များစိုက်ပျိုးရေးနှင့် အပူပိုင်းဇုန် ခရိုင် ၁၃ ခုတွင် အနည်းဆုံးတစ်ရွာ ၂ ဧက စိုက်ခင်းများတည်ထောင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး သယံဇာတဝန်ကြီးများနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက စိုက်ခင်းတည်ထောင်ရန် မြေနေရာရရှိရေး၊ ရွေးချယ်ထားသော မြေနေရာများ၏ မြေပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများလုပ်ထုံးလုပ်နည်းနှင့်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် အသေးစိတ်တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၂၃

# ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးလက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံသို့ မိတ်ဆက်ခရီးစဉ်လာရောက်လျက်ရှိသော ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၏ အရေးကြီးမှုကိုလည်း အလေးထားဆွေးနွေးခဲ့သည်။ ထို့ပြင် ဘင်းမ်စတက် အနာဂတ် ဦးတည်ချက်များဆိုင်ရာ ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဘင်းမ်စတက်၏ ပင်မနှင့်ကဏ္ဍအလိုက်အစည်းအဝေးများ ပုံမှန်ကျင်းပသွားရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန ဘင်းမ်စတက်ဌာနခွဲအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်းမ်စတက်ညှိနှိုင်းရေးဌာန (BIMSTEC National Focal Point of Myanmar)အဖြစ် တာဝန်ယူလျက်ရှိကြောင်းနှင့် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့လျင်မြန်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဘင်းမ်စတက်၏ လေးဦးမြောက် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အတွင်းရေးမှူးချုပ်သည် အခြားသော ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများသို့လည်း မိတ်ဆက်ခရီးစဉ်များ သွားရောက်ခဲ့ပြီးဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation - BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း အဖွဲ့ဝင်ခုနစ်နိုင်ငံ ပါဝင်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဘင်းမ်စတက်၏လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဘင်းမ်စတက် "လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ" ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကူမင်း ဇူလိုင် ၂၃

# (၈)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း)ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတက်ရောက်

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေဦးဆောင်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Intercontinental Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ်က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း)ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက်ကြသည်။






အဆိုပါညစာစားပွဲသို့ တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စ စွန်းဟိုင်ယန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး အပါအဝင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုကိစ္စရပ်များ တိုက်ဖျက်ရေးတို့တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်ပြီး ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Agricultural Reclamation Group ၏ ယူနန်နုန်ခမ်းကော်ဖီကုမ္ပဏီသို့ သွားရောက်ပြီး ယူနန်ပြည်နယ်၏ပြည်တွင်းကော်ဖီထုတ်လုပ်မှုကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ကော်ဖီအမျိုးအစားများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းလက်ခံတွေ့ဆုံ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC ၏ မြန်မာနိုင်ငံအတွင်းဆောင်ရွက်နေသော လုပ်ငန်းများ၊ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ မိုင်းဒဏ်သင့်ပြည်သူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် ICRC ရုံးမှကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

# ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ က လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက်ဒေသတွင်းပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု(Connectivity) ကောင်းမွန်လာခြင်းဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍများ၊ ဆက်သွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကဏ္ဍများအနေဖြင့် အနာဂတ်ဘင်းမ်စတက် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကအရေးပါမှုရှိသည့်အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Clarification by SAC Information Team's Leader, on handover of duties and functions of Pro Tem President to SAC Chairman for taking measures of National Defence and Security Council




Maj-Gen Zaw Min Tun, Information Team Leader of State Administration Council.

Today, I would like to explain measures on the Constitution for questions raised by media about handover of duties and functions of the Pro Tem President to the Chairman of the State Administration Council in order to carry out tasks of the National Defence and Security Council. The Information Team of the State Administration Council has issued information about health conditions of Pro Tem President U Myint Swe since 18 July. A special medical team is carefully providing healthcare services to Pro Tem President. But, as his health condition does not improve yet to serve duties of Pro Tem President, handover of his duties and functions was held yesterday. In this regard, I wanted to first inform all about taking these measures in accord with the provisions of the Constitution. In reviewing the announcement on the state of emergency mentioned in Section 417 and announcement of the state of emergency in Section 412 in the Constitution, although some persons from the National Defence and Security Council are absent during the period when the state of emergency has not completed yet, remaining persons have to continuously serve the duties assigned by the Constitution. Section 412 (b) stipulates that "if all the members are unable to attend the meeting held by the President to coordinate with the National Defence and Security Council under Sub-Section (a), the President may declare in time a state of emergency after coordinating with the Commander-in-Chief of the Defence Services, the Deputy Commander-in-Chief of the Defence Services, the Minister for Defence, and the Minister for Home Affairs who are members." If the Pro Tem president cannot attend the meeting of the National Defence and Security Council due to his health condition or the post of Pro Tem President is vacant for various reasons, the Chairman of the State Administration Council Commander-in-Chief of Defence Services has to lead the meeting of the National Defence and Security Council to decide administrative measures of the State according to the constitutional provisions of the Section 412 (b) as he is exercising the executive power of the State on behalf of the President in line with the Section 419. As such, the executive power of the State shall be handed over to the Chairman of the State Administration Council who is practically exercising the duties of the President. With regard to the measures that the Speaker of Pyithu Hluttaw does not take a leading role, Section 418 mentions this situation that there is no Speaker of Pyithu Hluttaw but not Hluttaw. The Speaker of Pyithu Hluttaw is waiting for handing over responsibilities to new Hluttaw speakers elected by Section 424. With regard to replying to the question whether SAC Chairman Prime Minister Senior General Min Aung Hlaing will serve as Pro Tem President or SAC Chairman, the statement issued on previous day has mentioned it. For serving the measures of the National Defence and Security Council, duties of Pro Tem President were handed over to the Chairman of the State Administration Council. So, the State Administration Council will mention the name of President in exercising the executive power of the State according to Section 431. The State Administration Council and the government will exercise legislative, executive and judicial powers of the State in accord with Section 419 of the Constitution. The State Administration Council will continue implementation of the adopted Five-point Roadmap and nine objectives without any change. In this regard, I will specially emphasize that a free and fair multiparty democratic general election which is an ultimatum mission of the government of the State Administration Council will be held without fail. I thank you all.

AGRICULTURE

## Labutta residents plan to cultivate 6,700 acres of kitchen crops in this rainy season

"A total of 6,700 acres of kitchen crops will be planted in Labutta Township, Ayeyawady Region in this rainy season," said U Myo Aung, head of the Labutta Township Agriculture Department.

The kitchen crops will be planted in the first week of July mostly in 17 villages in the township.

"The intention to plant kitchen crops is to have more business opportunities for locals. The types of kitchen crops that will be planted are a variety of crops. We are cooperating with local farmers to ensure that there is no risk of pests when growing kitchen crops and to ensure a good yield," said U Myo Aung.

The kitchen crops that will be planted in Labutta Township this year are coriander, radish, string beans, taro, roselle, cabbage, bitter gourd, cucumber, lettuce, spinach, onion and sweet potato. Up to 9,200 acres of kitchen crops were planted in the township in this winter season. **SK**

AGRICULTURE

## Kyaunggon Township farmers yield impressive 14,284 acres of winter cow peas

"A total of 14,284 acres of cow peas planted during the winter crop planting season in Kyaunggon Township, Kyonpyaw District, Ayeyawady Region, have been harvested," said U Kyaw Kyaw, head of the Department of Agriculture for Kyonpyaw District.

In the winter crop growing season in Kyaunggon Township, 14,284 acres of cow peas were planted. They were harvested in the first week of March and all acres have been fully harvested. It is reported that the harvest yielded up to 13.28 baskets per acre.

"The Department of Agriculture has worked together with related departments to ensure that thewinter crops can be planted without difficulty," he said.

**SMK**

ARCHEOLOGY

# Thantawkya Buddha Image built by King Narathihapate in 13th Century



Thantawkya Buddha image located in old Bagan city of Bagan ancient cultural zone of Mandalay Region was constructed by King Narathihapate using pale green shale in 13th Century (1284 AD).

The 19.5-ft-high Buddha image is just north of Thatbyinnyu Temple and King Narathihapate constructed the image in 1284 AD. The palace is located in the west and the temple faces west. It was called Thantawkya temple as it was constructed at a place where everybody could hear the yawning of the King in the palace.

The Thatbyinnyu Temple is located in the south of Thantawkya Pagoda while Tabetkya Pagoda and Pitaka chambers are in the east, Shwegugyi Pagoda or NanU Pagoda and Aungmyetha Palace site in the west and northwest. **SK**

WILDLIFE

# Myanmar protects over 1,000 endangered Burmese roofed turtles



Burmese roofed turtle (Batagur trivittata), which can be found only in Myanmar, inhabits in the Chindwin River near Linpha Village in Khamti Township, Sagaing Region, and over 1,000 turtles are under protection.

Myanmar has over 1,000 roofed turtles across the nation. They are conserved under a caging system in the Chindwin River, and over 200 turtles are released every year. During the third week of June, 25 male roofed turtles and 25 female roofed turtles were released into Chindwin River for the sixth time.

The carapace of an adult roofed turtle can reach up to 58 centimetres in length. Its plastron is yellow or cream-coloured, while the head and neck are brown or dark green. The head is moderate in size with a slightly pointed snout, and the jaw tip is pale in colour.

The species of Burmese roofed turtles are located in the Ayeyawady, Chindwin, and Sittaung rivers and their tributaries.

In 2004-2005, the experts discovered their eggs on the sandbank of Linpha mid-water pagoda about 20 miles from Khamti Township in Chindwin River. The Environmental Conservation Department and Upper Chindwin NGO cooperated to conserve these species.

There are about 300 turtle species in the world, whereas 32 are found in Myanmar and are distinguished into aquatic turtles and land tortoises. Marine turtles are classified into two varieties, freshwater turtles and sea turtles, depending on the ecosystem. Most of the aquatic turtles are generally omnivores. The IUCN Red List stated that Burmese roofed turtles are an endangered species, and now they are protected under Forestry Law.

"I am very proud of my country as it possesses roofed turtles that cannot be found in the world. The turtles bring benefits to the freshwater ecosystem, and we have to protect them in their habitats. We tried to conduct public awareness programmes to help the public understand why the roofed turtles should be protected. Over 200 turtles are released into the natural land areas. There are over 100 in Myanmar. We are working with the Environmental Conservation Department to protect the species as they cannot be discovered in the world except Myanmar," said U Myo Min Win, in charge of Upper Chindwin Turtle Conservation Group.

The roofed turtle species are not found in ASEAN countries. The Singapore Zoological Garden showcases Burmese roofed turtles, and Cambodia boasts similar roofed turtle species. Burmese roofed turtles are spotted in Yadanabon Zoological Garden, Yangon Zoological Garden and Lawkananda Wildlife Sanctuary. The roofed turtles can live between 60 to 100 years, their age can be determined by examining the stripes on the carapace.

Turtles have been on earth for about 260 million years, making them older than dinosaurs.

**SMK**

AGRICULTURE

# Wetlet Township reaps more than 60,000 acres of summer sesame

A total of 66,067 acres of summer sesame has been harvested in Wetlet Township of Sagaing Region, according to Wetlet Township Agriculture Department.

Local farmers stated harvesting of summer sesame in May this year, and they have reaped 66,067 acres of sesame, yielding 17.25 baskets per acre.

"At present, local farmers exceeded the target cultivation. Our department helped them use GAP system. They cost more than Ks-100,000 per are of summer sesame," said Daw Kyin San, Head of Wetlet Township Agriculture Department.

In 2023-2024 summer, the township earmarked cultivation of 50,278 acres of summer sesame but local farmers planted 66,067 acres.

Staff of Township Agriculture Department educated local farmers to use agricultural techniques, GAP system and quality strains of crops.

The crops produced in GAP can fetch good prices in the market. It can be distributed at home and abroad. So, local farmers can earn increased incomes.

**SMK**

AGRICULTURE

# Pwintphyu Township to grow more than 500 acres of chilli this monsoon

"A total of 561 acres of chilli will be grown as monsoon crops I Pwintphyu Township of Magway Region," said Daw Moe Moe Wai, Head of Pwintphyu Township Agriculture Department.

The township earmarked cultivation of 561 acres of chilli this monsoon but local farmers have planted 148 acres of chilli against the target.

"Local farmers started cultivation of chilli in the first week of June. They are engaged in growing chilli all the year round. They use Tharmo-11, chilli pepper and Kalaw chilli strains. Our department urges them to follow GSP system and organic agricultural methods for safety of consumers," she explained.

Agricultural staff help local farmers with agricultural techniques and prevention of pests at chilli plantations. **SK**

RUSSIA

# Russia may create tanker fleet for northern sea Route jointly with China

Russia could establish a tanker fleet for the Northern Sea Route in collaboration with Chinese shipbuilders and component suppliers.

Russia can create a tanker fleet to operate on the Northern Sea Route together with Chinese shipbuilders and component suppliers, Rosneft CEO Igor Sechin, who is also the executive secretary of the Russian presidential commission for the strategic development of the fuel and energy sector and environmental safety, said on Tuesday.

The Northern Sea Route (NSR), with a length of more than 3,000 nautical miles (5,556 kilometers), connects the Barents Sea and the Bering Strait and is the shortest route between Europe and Asia. In addition, it is the shortest sea route between the Far East and the European part of Russia. It is expected that transportation along the NSR will reach more than 72 million tons in 2024, and about 194 million tons by 2030.

"The operation of the NSR will require a high-ice-class tanker fleet, which can be created in cooperation with Chinese shipbuilders and component suppliers," Sechin said during his speech at the VI Russian-Chinese Energy Business Forum.

**Sputnik**

ETHIOPIA

# Death toll in Ethiopian landslide rises to 157



Death toll in Ethiopian landslide rises to 157.

A landslide in southern Ethiopia has claimed more than 157 lives, the local government said Tuesday.

The landslide occurred Monday at around 10 am, local time, in southern Ethiopia's Geze Gofa District.

The local community is currently working to save the lives of the injured and provide shelter and food to the victims, said the Gofa Zone Government Communication Affairs Department in a statement.

The number of deaths has increased due to additional accidents on the people who went to the area for life-saving work. Teachers, health professionals, and agriculture professionals who were present early in the accident for rescue work have become victims of the accident, the local government said.

Ethiopian Red Cross Association and professionals from neighboring regions and zones are at the site, helping the victims.

The rescue work being carried out on the site is by manpower only. The local government has called on all Ethiopians to give any support and attention needed to the zone for further rescue efforts.

**Xinhua**

RUSSIA

# Russia adds 15 British nationals to sanctions list

Russia has widened its sanctions list and imposed restrictions on 15 more British citizens, the country's Foreign Ministry said in a statement Tuesday.

A decision was made to expand Russia's "stop list" in response to London's aggressive actions, the ministry said. It includes representatives from British private security companies involved in training Ukrainian military personnel, managers of military-industrial complex enterprises that provide products and services to Kiev, as well as British experts and publicists with an anti-Russian position.

The Foreign Ministry called on London to assess the situation and change its approach to bilateral relations.

Britain imposed sanctions on 11 Russian-linked oil tankers on July 18, which are reportedly involved in helping supply oil to third countries.

**Xinhua**



**Russia adds 15 British nationals to sanctions list.**

TÜRKIYE

# Turkish forces "neutralize" 4 PKK militants in N. Iraq

Türkiye "neutralized" four "terrorists" in an aerial operation carried out in northern Iraq, said the Turkish Defence Ministry on Tuesday.

The Turkish forces "neutralized" the members of the outlawed Kurdistan Workers' Party (PKK) in the cross-border "Operation Claw" zone, said the ministry, without specifying the time frame of the operations.

The PKK members included Yusuf Kalkan, who was on a most wanted list by Türkiye on charges of being a "member of a terrorist group and establishing and operating a terrorist group," said the statement.

Turkish authorities often use the term "neutralize" in their statements to imply the alleged "terrorists" have either surrendered, been killed, or been captured.

The PKK, listed as a terrorist organization by Türkiye, the United States, and the European Union, has rebelled against the Turkish government for more than three decades.

Since 2019, Türkiye has initiated a series of cross-border military operations into the semi-autonomous Kurdistan region of northern Iraq, targeting PKK mountainous hideouts.

**Xinhua**

ALGERIA

# Russia-Algeria trade volume doubles – Moscow

Trade turnover between Russia and Algeria more than doubled last year, State Duma Chairman Vyacheslav Volodin has said during a visit to Algiers on Monday.

Volodin met with Algerian President Abdelmadjid Tebboune to discuss the development of inter-parliamentary relations, as well as economic and humanitarian cooperation, the State Duma press service reported.

"Last year, the trade volume grew by 2.2 times, reaching US$-3.765 billion by the end of 2023. This is a significant growth in our foreign economic relations, and it is extremely important for us to develop inter-parliamentary connections," Volodin said.

He also discussed inter-parliamentary cooperation between Moscow and Algiers during a meeting with the speaker of the Algerian People's National Assembly, Brahim Boughali.

Volodin underscored the importance of implementing a strategic agreement between Russia and Algeria through new and effective working formats.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sailing through social high seas: Specific strategies for peer pressure and confidence building in high school



This guide provides specific strategies to resist peer pressure, navigate conflicts maturely, and exude confidence through your actions and body language. Armed with these tools, you can navigate the high school seas with resilience and grace.

High school is an extraordinary odyssey with its own unique hurdles, especially when it comes to managing intricate social interactions. Peer pressure, conflicting friendships, and learning to exude confidence can feel like navigating through choppy waters. But with the right toolkit, you can chart your course skillfully.

## Strategies for resisting peer pressure

Peer pressure can be challenging to withstand. However, with the right techniques, you can maintain your integrity and make choices that resonate with your values.

1. The Power of 'No': Although it sounds simple, mastering the ability to say 'no' is fundamental. Rehearse different ways to reject uncomfortable propositions in front of a mirror, like "I don't feel comfortable doing this," or "This goes against my principles." By practicing, you'll be better prepared when faced with real-life situations.

Sometimes, it may be tough to directly say "no". In such cases, you can employ diversion or delay tactics. For instance, if your peers press you to do something you're uncomfortable with, you can suggest an alternative activity that you're all interested in.

Alternatively, you can say, "I need to think about it," or "Maybe later, I have other commitments right now." This way, you get an opportunity to avoid the immediate pressure without a direct confrontation. Moreover, this delay tactic gives you time to consult with a trusted adult or friend on how to handle the situation later.

2. The Buddy System: Have a friend who shares your values? Stick with them during situations where you anticipate peer pressure. A supportive buddy can help you resist the temptation to conform and offer a united front.

3. Involve Trusted Adults: Discussing your peer pressure issues with a trusted adult can provide perspective and advice. They might offer strategies you hadn't thought of.

## Dealing with arguments among friends

Misunderstandings can spark disagreements among friends. However, a mature approach to these conflicts can turn them into opportunities for deeper understanding and improved relationships.

1. Actively Listen: Instead of focusing on defending your viewpoint, try to understand your friend's perspective. Ask questions, acknowledge their feelings, and paraphrase their statements to ensure understanding.

2. Stay Calm: Emotions can flare up during arguments. If this happens, propose a timeout until both parties can discuss the issue calmly. Revisit the conversation when you're both ready.

## Building confidence through nonverbal cues

Confidence is not only about what you say but how you say it. Your body language plays a significant role in conveying confidence.



1. Eye Contact: Maintaining appropriate eye contact signifies confidence and attentiveness. Practice with friends or family, gradually increasing the time you maintain eye contact during conversations.

2. Posture: Stand tall, with your shoulders back and chin up. This posture exudes confidence and positively impacts your mood. Try doing exercises that improve posture, like yoga or pilates.

3. Hand Gestures: Controlled hand gestures can enhance your verbal communication. Use them to emphasize points but avoid overly erratic or closed gestures, such as crossing your arms or fidgeting.

## Charting your course with resilience and confidence

High school is a formative journey that helps you discover your strengths and weaknesses, define your values, and shape your personality. Peer pressure and disagreements with friends can seem daunting, but these challenges are opportunities for personal growth.

By learning how to stand your ground, navigate conflicts maturely, and exude confidence through both your words and body language, you'll be better equipped to steer your high school journey, and beyond, with grace and resilience. It's a voyage of self-discovery, and you're at the helm. Embrace this opportunity, knowing you're equipped with the tools to not just weather the storm but to emerge stronger, wiser, and more confident.

**Youth Time Magazine**

## BUSINESS

# ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ပေးမည့် တရုတ်-တောင်အာရှကုန်စည်ပြပွဲဖွင့်လှစ်



ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးမည့် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို ဇူလိုင်လ ၂၃ ရက်တွင် တရုတ်နိုင်ငံ၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဌမအကြိမ်မြောက်ကျင်းပခြင်းဖြစ်သည့် အဆိုပါကုန်စည်ပြပွဲကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ကူမင်းမြို့၌ဖွင့်လှစ်ခြင်းဖြစ်သည်။

ကုန်စည်ပြပွဲတွင်ပါဝင်ပြသသူစုစုပေါင်း ၂၀၀၀ ကျော်ရှိသည့်အနက် ထက်ဝက်နီးပါးမှာ တောင်အာရှနှင့်အရှေ့တောင်အာရှဒေသတို့မှကုမ္ပဏီများဖြစ်သည်။

ခြောက်ရက်ကြာမြင့်မည့်အဆိုပါကုန်စည်ပြပွဲကို အဓိကကဏ္ဍကြီး ၁၅ ခုဖြင့်ခင်းကျင်းပြသထားခြင်းဖြစ်ပြီး ထိုကဏ္ဍများတွင် စိုက်ပျိုးရေးနည်းပညာ၊ ကုန်ထုတ်လုပ်မှု၊ အစိမ်းရောင်စွမ်းအင်နှင့် ခေတ်မီစိုက်ပျိုးရေးကဏ္ဍတို့လည်း အပါအဝင်ဖြစ်သည်။

ယခုကုန်စည်ပြပွဲတွင် ပထမဆုံးအနေဖြင့် ထူးထူးခြားခြားထည့်သွင်းထားသည့်ကဏ္ဍမှာ ယူနန်ပြည်နယ်၏ပင်မထွက်ကုန်တစ်ခုဖြစ်သော ကော်ဖီလုပ်ငန်းဖြစ်ပြီး ကုမ္ပဏီပေါင်း ၁၆၀ ကျော်က ပါဝင်ပြသထားသည်။

အဆိုပါကုန်စည်ပြပွဲကို ကူမင်းမြို့၌ ၂၀၁၃ ခုနှစ်တွင် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး ယခုအချိန်အထိ ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၁၈၀၀၀ ကျော်ပါဝင်ပြသခဲ့ပြီးဖြစ်သည့်အပြင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်အရောင်းအဝယ်ဖြစ်ကာ စီမံကိန်းပေါင်း ၃၀၀၀ ကျော်ကို လက်မှတ်ရေးထိုးစေနိုင်ခဲ့သည်။


ယင်းကုန်စည်ပြပွဲက တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဖလှယ်မှုအတွက် အရေးပါသည့်ပွဲတစ်ပွဲဖြစ်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ်စာရင်းဇယားများအရ တရုတ်နိုင်ငံနှင့်အဆိုပါနိုင်ငံများကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကျော်ရှိရာ ၂၀၁၃ ခုနှစ်ကထက် နှစ်ဆကျော်မြင့်တက်လာကြောင်း သိရသည်။

*Ref: Xinhua*

*K.H*

# GM ကုမ္ပဏီက Origin အစား မျိုးဆက်သစ် Chevrolet Bolt ကို ဦးစားပေးထုတ်လုပ်မည်




GM ကုမ္ပဏီ၏ မောင်းသူမဲ့ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီခွဲဖြစ်သော Cruise က မူလရည်မှန်းထားသည့် Origin ယာဉ်အစား မျိုးဆက်သစ် Chevrolet Bolt ယာဉ်များကိုသာ ဦးစားပေးထုတ်လုပ်သွားမည်ဟု ဇူလိုင်လ ၂၃ ရက်တွင်ထုတ်ပြန်ထားသည်။

GM ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်တွင် Origin ယာဉ်အစီးရေ ၂၅၀၀ အထိကို လမ်းမများထက်သွားလာခွင့်ပြုရန် တာဝန်ရှိသူများထံသို့ တရားဝင်လျှောက်လွှာတင်ခဲ့သည်။ သို့သော် ယခုအချိန်အထိ တာဝန်ရှိသူများက အဆိုပါလျှောက်လွှာနှင့်ပတ်သက်၍ မည်သည့်အရေးယူဆောင်ရွက်မှုမျှမပြုခဲ့ပေ။

Origin ယာဉ်သည် မောင်းသူမဲ့ယာဉ်အမျိုးအစားတစ်မျိုးဖြစ်သော်လည်း ၎င်းတွင် စတီယာရင်များ၊ ဘရိတ်များ၊ နောက်ကြည့်မှန်များမပါဝင်တော့ဘဲ ခရီးသည်များအနေဖြင့် အလိုအလျောက်စနစ်ဖြင့်စီးနင်းနိုင်မည့် မော်တော်ယာဉ်မျိုးဖြစ်သည်။

ယခုအခါ Origin ယာဉ်အစား မျိုးဆက်သစ် Chevrolet Bolt ယာဉ်ကို ထုတ်လုပ်ရေးအတွက် အရင်းအမြစ်များကို အသုံးပြုရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် Origin ယာဉ်တချို့ကို ထုတ်လုပ်ထားပြီးဖြစ်သော်လည်း ထုတ်လုပ်မှုကိုရပ်ဆိုင်းထားသည်။ အကြောင်းရင်းမှာ Cruise ၏မောင်းသူမဲ့တက္ကစီတစ်စီးက လမ်းသွားလမ်းလာကိုဝင်တိုက်ပြီး ပေ ၂၀ အကွာအထိဆွဲယူသွားသည့်အတွက် စုံစမ်းစစ်ဆေးမှုများနှင့်ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။

*Ref: RTA*

*K.H*

# ဗီယက်နမ်၏ အွန်လိုင်းကုန်သွယ်ရေးကဏ္ဍတိုးတက်မှု အာဆီယံတွင်အမြင့်ဆုံးဖြစ်

ဗီယက်နမ်နိုင်ငံ၏ အွန်လိုင်းကုန်သွယ်ရေးကဏ္ဍတိုးတက်မှုသည် ပြီးခဲ့သည့်လေးနှစ်အတွင်း ၁၆ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိသောကြောင့် အာဆီယံဒေသတွင်အမြင့်ဆုံးဖြစ်လာသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်အွန်လိုင်းကုန်သွယ်မှုကဏ္ဍက ပုံမှန်အွန်လိုင်းကုန်သွယ်မှုကဏ္ဍထက် တိုးတက်မှုပမာဏ ၂ ဒသမ ၃ ဆရှိကာ ၂၀၂၆ ခုနှစ်မတိုင်မီအထိ နှစ်စဉ် ၂၀ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းရသည်။

အွန်လိုင်းကုန်သွယ်မှုအတွက် အဓိကအလုပ်ဖြစ်သည့်နယ်ပယ်မှာ TikTok Shop ဖြစ်ပြီး အွန်လိုင်းကုန်သွယ်မှုစုစုပေါင်း၏ ၂၄ ရာခိုင်နှုန်းကိုရရှိကာ ဗီယက်နမ်နိုင်ငံအတွင်း ဒုတိယမြောက်အွန်လိုင်းကုန်သွယ်မှုအများဆုံး ပလက်ဖောင်းဖြစ်လာသည်။

ပြီးခဲ့သည့်ငါးနှစ်အတွင်း ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတကာသို့ထိုးဖောက်နိုင်မှုကို အကောင်းဆုံးဖြစ်အောင်စွမ်းဆောင်ခဲ့ကြရာ အွန်လိုင်းကုန်သွယ်မှုပလက်ဖောင်းများမှတစ်ဆင့် နိုင်ငံတကာသို့ကုန်ပစ္စည်းတင်ပို့မှုပမာဏမှာ ၃၀၀ ရာခိုင်နှုန်းအထိမြင့်တက်လာသည်။

ထို့ကြောင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏နှစ်စဉ်အမြတ်ငွေမှာ အမေရိကန်ဒေါ်လာတစ်သန်း ကျော်လွန်လာကြောင်းသိရသည်။

*Ref: Xinhua*

*K.H*

## TECHNOLOGY

# တက်စလာက လာမည့်နှစ်တွင် လူတူစက်ရုပ်များထုတ်လုပ်မည်

လျှပ်စစ်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော တက်စလာကုမ္ပဏီက လာမည့်နှစ်တွင် လူတူစက်ရုပ်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီအမှုဆောင်ချုပ် အီလွန်မက်က ပြောသည်။

ကနဦးအနေဖြင့် ၎င်းတို့၏ကုမ္ပဏီအတွင်း အသုံးပြုနိုင်မည့် လူတူစက်ရုပ်များကို ဦးစွာထုတ်လုပ်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်ရောက်မှသာ ပြင်ပသို့ရောင်းချရန်ထုတ်လုပ်မှုကိုဆောင်ရွက်သွားမည်ဖြစ်သည်။

တက်စလာ၏ အော့ပတီးမက်စက်ရုပ်က ယခုနှစ်ကုန်တွင် စက်ရုံလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် လာမည့်နှစ်ကုန်တွင် ပမာဏအမြောက်အမြားထုတ်လုပ်ရောင်းချရန် အသင့်ရှိမည်ဟု အီလွန်မက်က ဧပြီလတွင်ပြောပြီးနောက် ဇူလိုင်လ ၂၂ ရက်တွင် လူမှုကွန်ရက်၌ ယခုကဲ့သို့တင်လာခြင်းဖြစ်သည်။

တက်စလာကုမ္ပဏီသည် ၂၀၂၁ ခုနှစ် AI နည်းပညာနေ့အခမ်းအနား၌ လူတူစက်ရုပ်များ ထုတ်လုပ်သွားမည်ဟူသော ထုတ်ပြန်ချက်ကို ကြေညာခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ဘမ်ဘယ်ဘီးအမည်ရှိ အော့ပတီးမက်စက်ရုပ်ကိုထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

တက်စလာကုမ္ပဏီက မထုတ်လုပ်မီ အခြားကုမ္ပဏီများကထုတ်လုပ်ထားသော လူတူစက်ရုပ်များသည် အသိဉာဏ်ပါရှိမည် မဟုတ်ကြောင်း၊ စကားလုံးကို ကိုယ်တိုင်ရွေးချယ်နိုင်မည်မဟုတ်ကြောင်း အီလွန်မက်ကပြောသည်။

သို့သော် တက်စလာကထုတ်လုပ်ထားသော အော့ပတီးမက်စက်ရုပ်သည် အလွန်စွမ်းဆောင်ရည်မြင့်စက်ရုပ်ဖြစ်လာမည်ဖြစ်ကာ ဈေးနှုန်းအားဖြင့်လည်း အမေရိကန်ဒေါ်လာ ၂၀၀၀၀ အောက်သာရှိမည်ဟု အီလွန်မက်ပြောထားသည်။

*Ref: RT*

*K.H*




# အရည်ပျော်ကျမှုဒဏ်ခံ ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်ပေါင်းဖိုကို တရုတ်ပြသ

တရုတ်နိုင်ငံ ချင်းဟွာတက္ကသိုလ်မှ သုတေသနပညာရှင်များက အရည်ပျော်ကျမှုဒဏ်ခံ ကမ္ဘာ့ပထမဆုံးနျူကလီးယားဓာတ်ပေါင်းဖိုကို အောင်မြင်စွာသရုပ်ပြသလိုက်နိုင်သည်။

အဆိုပါနှစ်လုံးတွဲဓာတ်ပေါင်းဖိုဒီဇိုင်းအရ ဓာတ်ပေါင်းဖိုတစ်လုံးလျှင် လျှပ်စစ်ဓာတ်အား ၁၀၅ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ သုတေသနပညာရှင်များသည် ယခုကဲ့သို့သောဓာတ်ပေါင်းဖိုထွက်ရှိရေးအတွက် ၂၀၁၆ ခုနှစ်ကတည်းက လေ့လာသုတေသနပြုမှုများကိုလုပ်ဆောင်နေခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၀ စုနှစ်ကျော်က ဂျပန်နိုင်ငံရှိ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးအရည်ပျော်ကျပြီးနောက် ယခုတရုတ်ပညာရှင်များ၏ နည်းပညာသည် နျူကလီးယားစွမ်းအင်လုပ်ငန်းအတွက် အလားအလာကောင်းသောခြေလှမ်းတစ်ရပ်ဖြစ်လာသည်။

နျူကလီးယားဓာတ်ပေါင်းဖိုမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အဓိကကျသောဖြစ်စဉ်မှာ နျူကလီးယားကွဲထွက်ပွားများမှုဖြစ်သည်။ ထိုဖြစ်စဉ်ကြောင့် အပူစွမ်းအင်ပမာဏအများအပြားထွက်လာပြီး ယင်းမှနေ၍ လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ခြင်းဖြစ်သည်။

ထိုအပူကို စွန့်ထုတ်နိုင်ရေးအတွက် အအေးခံစနစ်ပါရှိသော်လည်း ထိုသို့အပူမစွန့်ထုတ်နိုင်ပါက ဓာတ်ပေါင်းဖိုအပူလွန်ခြင်းသို့မဟုတ် ပေါက်ကွဲခြင်းအထိဖြစ်ပေါ်ခြင်းဖြစ်သည်။

ယခု တရုတ်သုတေသနပညာရှင်များဖန်တီးလိုက်သော နျူကလီးယားဓာတ်ပေါင်းဖိုမှာ HTR-PM ဓာတ်ပေါင်းဖိုဒီဇိုင်းကို အသုံးပြုထားခြင်းဖြစ်ကြောင်း သိသည်။

*Ref: IE*

*K.H*

မိုင်းယောင်း၊ လူမှုရေး

# မြို့နယ်လုံးကျွတ် တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဟိုခုံပရိယတ္တိစာသင်တိုက်၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များစုပေါင်း၍ မြို့နယ်လုံးကျွတ် တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်လ ၂၁ ရက် ညနေပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံပရိယတ္တိစာသင်တိုက်ဆရာတော်က ကာလဒါန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ သြဝါဒကထာမြွက်ကြားသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု (မိုင်းဟန်)ကျောင်း ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံပရိယတ္တိစာသင်တိုက်ဆရာတော်ထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်နှင့်သံဃာတော်များထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု (မိုင်းဟန်)ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဋိလက အနုမောဒနာတရားဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

မိုင်းယောင်းမြို့နယ်၌ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီတော်၊ ဗောဓိရွှေညောင်ပင်နှင့် ရပ်ကွက်/ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ကုသိုလ်ပြုသူများ၊ တရားဘာဝနာအားထုတ်သူများ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကျိုင်းတုံ၊ လူမှုရေး

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့်တာဝန်ရှိသူများက မိုင်းဇင်းကျေးရွာအုပ်စု ဝမ်ပေါင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန်ရည်ရွယ်၍ ဝမ်ပေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း Type -1 လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးစီကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

မိုင်းယန်း၊ စိုက်ပျိုးရေး

# ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်အသုံးပြုနည်း လက်တွေ့သရုပ်ပြသ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်အတွင်း ဒေသခံတောင်သူလယ်သမားများအား စပါးအထွက်နှုန်းတိုးတက်ရရှိစေရန်အတွက် ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်၍ အချိန်ကိုက်ထည့်သွင်း အသုံးပြုနည်းလက်တွေ့သရုပ်ပြသခြင်းကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် မိုင်းလွေကျေးရွာအုပ်စု ယန်းခိုင်ကျေးရွာ တောင်သူ ဦးအိုက်ဆမ်၏ မျိုးစေ့ထုတ်စံပြစိုက်ကွက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက ယူရီးယားမြေသြဇာ အချိုးကျအချိန်ကိုက် ထည့်သွင်းအသုံးပြုနိုင်စေရန်အတွက် တောင်သူများအား ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာစနစ်တကျရောစပ်အသုံးပြုပုံကို အသိပညာပေးလက်တွေ့သရုပ်ပြသပြီး ယန်းခိုင်ကျေးရွာ တောင်သူဦးအိုက်ဆမ်၏ ကွင်းအမှတ် (၅/၂)၊ လယ် ၂ ဒသမ ၉၇ ဧက၌ စိုက်ပျိုးထားသော မိုးစပါးဆင်းဧကရီ-၃ မျိုးစေ့ထုတ် စံပြစိုက်ကွက်တွင် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများမှယူရီးယားနှင့် သဘာဝမြေသြဇာအရောအား သရုပ်ပြပက်ဖျန်းကြကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မိုင်းယန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟော၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ မျိုးစေ့ထုတ်စိုက်ပျိုးသည့်တောင်သူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းထွန်းထူး**



ကျိုင်းတုံ၊ လူမှုရေး

# ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပင်းတောက်ကျေးရွာအုပ်စု၌ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာအုပ်စုများအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်သော စာကြည့်တိုက်များဖြစ်လာစေရန်ရည်ရွယ်၍ ဇူလိုင်လ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်သူများနှင့်လူငယ်လူရွယ်များ စာပေဖတ်ရှု၍ အမှား၊ အမှန်ခွဲခြားတတ်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ပေးကြောင်း၊ အဆိုပါစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများကလည်း မိမိတို့ရပ်ရွာအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **စိုင်းရွှေအောင်(ခရိုင်ပြန်/ဆက်)**

မိုင်းခတ်၊ လူမှုရေး

# အငြိမ်းစားဝန်ထမ်းများ၏ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ဇူလိုင်လ ၂၂ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိကြောင်းသိရသည်။

မိုင်းခတ်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများ မြို့ပြပင်စင် ၂၄ ဦး၊ ကာကွယ်ရေးပင်စင် ၉၇ ဦး၊ နိုင်ငံရေးပင်စင် ၁၆ ဦးတို့ကို လကုန်ရက်တစ်ရက်မှလွဲ၍ဘဏ်ဖွင့်ရက်များတွင် ပုံမှန်ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း၊ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့် မိသားစုဝင်တစ်ဦးကကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှသိရသည်။ **နန်းနွယ်နီ**

ပဲရစ်၊ ဆေးပညာ

## တစ်ဦးလျှင် ဒေါ်လာ ၄၀ အောက်သာကျသင့်မည့် HIV ပိုးကုသဆေးကို ဂီလီယက်ကုမ္ပဏီထုတ်လုပ်နိုင်မည်

လူတစ်ဦးအတွက် တစ်နှစ်လျှင်ဒေါ်လာ ၄၀ အောက်သာကျသင့်မည့် HIV ပိုးကာကွယ်ဆေးကဲ့သို့ဖြစ်သော ကုသဆေးကို အမေရိကန်ဆေးဝါးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဂီလီယက်ကထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ဇူလိုင်လ ၂၃ ရက်တွင်ခန့်မှန်းထားသည်။

HIV ပိုးကူးစက်မှုအတွက် လက်ရှိအသုံးပြုနေသော Lenacapavir အမျိုးအစားကုသဆေးကို ကာကွယ်ဆေးကဲ့သို့သာ ထုတ်လုပ်နိုင်ပါက HIV ပိုးကူးစက်မှုကာကွယ်ရေးတွင် ကြီးမားသောအလှည့်အပြောင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

အစောပိုင်းလက်တွေ့စမ်းသပ်မှုများအရ ထိုကာကွယ်ဆေးကဲ့သို့သောကုသဆေးသည် HIV ပိုးကူးစက်မှုကိုကာကွယ်ရာ၌ ရာနှုန်းပြည့်ထိရောက်မှုရှိသည်ကိုတွေ့ရသည်။


ထို့ပြင် အဆိုပါဆေးကို တစ်နှစ်လျှင် နှစ်ကြိမ်သာထိုးရန်လိုအပ်သောကြောင့် HIV ပိုးကူးစက်မှုကုသရေးအတွက် လက်ရှိအသုံးပြုနေသောနည်းလမ်းဖြစ်သည့် ဆေးများကို နေ့စဉ်အချိန်မှန်သောက်ရသော ဒုက္ခကိုလည်း ကင်းဝေးစေမည်ဖြစ်သည်။

လတ်တလောတွင် အဆိုပါဆေးကို အမေရိကန်၊ ပြင်သစ်၊ နော်ဝေနှင့် ဩစတြေးလျနိုင်ငံတို့အပါအဝင် နိုင်ငံအချို့၌ အသုံးပြုလျက်ရှိရာ တစ်နှစ်စာအတွက် လူတစ်ဦးလျှင် ဒေါ်လာ ၄၀၀၀၀ ကျော်ခန့်ကျသင့်နေသည်။

သို့သော် လူ ၁၀ သန်းစာအတွက် ညီမျှသောထုတ်လုပ်မှုကိုသာလုပ်ဆောင်ပါက ထိုဆေး၏ဈေးနှုန်းမှာ တစ်နှစ်စာအတွက် လူတစ်ဦးလျှင် ဒေါ်လာ ၄၀ အောက်သာကျသင့်မည်ဟု သုတေသီများကခန့်မှန်းထားသည်။


ထိုဆေးကို HIV ပိုးကူးလွယ်သူများကို ထိုးပေးမည်ဆိုပါက အခြေခံအားဖြင့် ထိုပိုးကူးစက်မှုကပ်ရောဂါကို သိသိသာသာ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သုတေသီတစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ HIV ပိုးကူးစက်ခံရသူ ၁ ဒသမ ၃ သန်းရှိကာ ထိုပိုးကူးစက်မှုဖြင့်ရှင်သန်နေရသူ ၃၉ သန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ***Ref: AFP***




ဝါရှင်တန်၊ နိုင်ငံရေး

## ကမ်မလာဟဲရစ်က ပါတီအတွင်းထောက်ခံမှုကိုအပြည့်အဝရရှိထားဟုဆို



လက်ရှိ အမေရိကန်ဒုတိယသမ္မတ ကမ်မလာဟဲရစ်သည် သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းဖြစ်လာစေရန် ဒီမိုကရက်တစ်ပါတီအတွင်းထောက်ခံမှုကို အပြည့်အဝရရှိထားသည်ဟု ဇူလိုင်လ ၂၂ ရက်နောက်ပိုင်းတွင်ပြောသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲသို့ ဝင်ပြိုင်ရန်အားခဲထားသည့် ဂျိုးဘိုင်ဒင်က အခြေအနေအရပ်ရပ်ကြောင့် နုတ်ထွက်သွားပြီးနောက် ကမ်မလာဟဲရစ်က သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီ၏ ကိုယ်စားလှယ်လောင်းဖြစ်ရန် ရေပန်းစားလာခြင်းဖြစ်သည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ၎င်း၏တာဝန်ထမ်းဆောင်နိုင်မှုအခြေအနေနှင့်ပတ်သက်၍ ဒီမိုကရက်တစ်ပါတီအတွင်း ဖိအားများနှင့်ရင်ဆိုင်နေရစဉ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုမှနုတ်ထွက်ကာ ၎င်း၏နေရာအတွက် ကမ်မလာဟဲရစ်ကို ထောက်ခံခဲ့ခြင်းဖြစ်သည်။

ထို့နောက် အမေရိကန်သမ္မတဟောင်း ဘီကလင်တန်နှင့် ၎င်း၏ဇနီးဟီလာရီကလင်တန်၊ လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပီလိုဆီတို့အပါအဝင် ဒီမိုကရက်တစ်ပါတီအတွင်းလွှမ်းမိုးမှုရှိသူများက ကမ်မလာဟဲရစ်ကို သမ္မတရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအဖြစ် ထောက်ခံအားပေးမှုများထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ကမ်မလာဟဲရစ်သည် ယခုကဲ့သို့ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟုကြေညာပြီးနောက် ၂၄ နာရီအတွင်း ၎င်း၏ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအတွက် အလှူငွေဒေါ်လာ ၈၁ သန်းအထိ ရရှိထားသည်။

ဒီမိုကရက်တစ်ပါတီ၏ပြိုင်ဘက်ဖြစ်သော ရီပတ်ဘလစ်ကန်ပါတီကနိုဝင်ဘာလတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်အဖြစ် သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကိုတင်သွင်းထားသည်။

ဒီမိုကရက်တစ်ပါတီကမူ သမ္မတရွေးကောက်ပွဲ အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဩဂုတ်လ ၇ ရက်တွင်အတည်ပြုကာ မဲပေးရွေးချယ်သွားမည်ဖြစ်ပြီး ဩဂုတ်လ ၁၉ ရက်မှ ၂၂ ရက်အထိကျင်းပမည့် ဒီမိုကရက်တစ်အမျိုးသားညီလာခံ၌ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်၏အမည်ကို တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။ ***Ref: Xinhua***

လန်ဒန်၊ ပြည်တွင်းရေး

## ယခင်ဗြိတိန်အစိုးရက အကောင်အထည်မပေါ်သော ဒုက္ခသည်များပို့ဆောင်ရေးအစီအစဉ်အတွက် ပေါင်သန်း ၇၀၀ သုံးစွဲခဲ့

ယခင်ဗြိတိန်အစိုးရအဖွဲ့သည် အကောင်အထည်မပေါ်သော ဒုက္ခသည်များပို့ဆောင်ရေးအစီအစဉ်အတွက် စတာလင်ပေါင်သန်း ၇၀၀ ကိုသုံးစွဲခဲ့ကြောင်း လက်ရှိအစိုးရအဖွဲ့မှ ပြည်ထဲရေးဝန်ကြီး အဗက်ကူပါက ဗြိတိန်အောက်လွှတ်တော်သို့ ဇူလိုင်လ ၂၂ ရက်တွင်ပြောသည်။

ယခင်အစိုးရအဖွဲ့သည် အထောက်အထားမဲ့ ရွှေ့ပြောင်းဒုက္ခသည်များကို ရဝမ်ဒါနိုင်ငံသို့ ပို့ဆောင်ရေးအစီအစဉ်ချမှတ်ပြီး နှစ်နှစ်အကြာတွင် ဒုက္ခသည်လေးဦးကိုပို့ဆောင်ရေးအတွက် ပေါင်သန်း ၇၀၀ ကိုအသုံးပြုခဲ့ခြင်းဖြစ်သည်ဟု အဗက်ကူပါကပြောသည်။

ထိုအသုံးစရိတ်များတွင် ရဝမ်ဒါအစိုးရသို့ငွေပေးချေမှုအတွက် ပေါင်သန်း ၂၉၀ အပြင် မည်သည့်အခါကမျှ မပျံသန်းဖြစ်သည့် စင်းလုံးငှားလေယာဉ်များအတွက် ငွေပေးချေမှု၊ လူရာပေါင်းများစွာကိုဖမ်းဆီးပြီးပြန်လွှတ်မှု၊ ထိုအစီအစဉ်အတွက် ဝန်ထမ်းများကို လစာပေးချေမှုတို့ပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးက ဆက်ပြောသည်။

ထို့ပြင် ယခင်အစိုးရအဖွဲ့သည် ဒုက္ခသည်ပို့ဆောင်ရေးအစီအစဉ်တစ်ရပ်လုံးအတွက် ပေါင် ၁၀ ဘီလီယံအထိအသုံးပြုရန် စီစဉ်ထားသည်ဟု အဗက်ကူပါကပြောသည်။

တစ်ချိန်တည်းမှာပင် အစိုးရအဖွဲ့အသစ်သည် ရွှေ့ပြောင်းဒုက္ခသည်များကို ဟိုတယ်များ၌ဆက်လက်မထားရှိတော့ဘဲ ဒုက္ခသည်များစစ်ဆေးလက်ခံမှုကို အချိန်တိုအတွင်းဆောင်ရွက်သွားမည်ဟု အဗက်ကူပါကပြောထားသည်။

ဗြိတိန်အစိုးရနှင့်ရဝမ်ဒါအစိုးရတို့သည် ဒုက္ခသည်များပို့ဆောင်လက်ခံရေးအတွက် သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်တွင်ချုပ်ဆိုထားသည်။

အဆိုပါစာချုပ်အရ ဗြိတိန်အစိုးရက နိုင်ငံအတွင်းသို့ရောက်ရှိလာသည့် အထောက်အထားမဲ့ဟုအတည်ပြုပြီးသော ဒုက္ခသည်များကို ရဝမ်ဒါနိုင်ငံသို့ပို့ဆောင်သွားမည်ဖြစ်သည်။

သို့သော် အဆိုပါအစီအစဉ်ကို လူ့အခွင့်အရေးအဖွဲ့များက ဝေဖန်ရှုတ်ချထားသည့်အတွက် အစိုးရအဖွဲ့အသစ်က ယင်းအစီအစဉ်ကိုဖျက်သိမ်းနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ***Ref: Sputnik***



ဂျေရုဆလင်၊ ပြည်တွင်းရေး

## ဂါဇာရှိဓားစာခံများပြန်လွှတ်ရေးနီးစပ်နေပြီဟု နေတန်ယာဟုပြော

ဂါဇာကမ်းမြောင်ဒေသ၌ အဖမ်းခံထားရသော အစ္စရေးနိုင်ငံသားဓားစာခံများ ပြန်လွှတ်ရေးအတွက် သဘောတူညီချက်ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဓားစာခံများ၏မိသားစုဝင်များကိုပြောသည်ဟု ဝန်ကြီးချုပ်ရုံးက ဇူလိုင်လ ၂၃ ရက်တွင် ထုတ်ပြန်သည်။

နေတန်ယာဟုသည် ဇူလိုင်လ ၂၂ ရက်တွင် အမေရိကန်နိုင်ငံသို့ရောက်ရှိနေစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ်သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် အမေရိကန်ကွန်ဂရက်၌ မိန့်ခွန်းပြောပြီးနောက် သမ္မတဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က မေလတွင်အဆိုပြုပြီး အီဂျစ်နှင့်ကာတာနိုင်ငံတို့က ကြားဝင်စေ့စပ်ပေးနေသည့် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ချက်မှာ ပြီးခဲ့သည့်လတွင်အရှိန်ရလာသည်။

သို့ရာတွင် ဓားစာခံများအားလုံးသည် တစ်ပြိုင်နက်တည်း လွတ်မြောက်လာမည်မဟုတ်ကြောင်း၊ လုပ်ဆောင်ရမည့်အဆင့်များစွာရှိသော်လည်း သဘောတူညီချက်ဦးစွာရရှိပြီးနောက် မလွတ်မြောက်လာသေးသည့်ဓားစာခံများလွတ်မြောက်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောထားသည်။

လက်ရှိတွင်မူ အစ္စရေးတပ်ဖွဲ့များက ဂါဇာတောင်ပိုင်းရှိ ခန်ယိုနစ်ဒေသမှ အရပ်သားများဘေးလွတ်ရာသို့ထွက်ခွာရန် အမိန့်ပေးပြီးနောက် ထိုဒေသကိုထိုးစစ်ဆင်တိုက်ခိုက်မှုများလုပ်ဆောင်နေသည်။

ထို့ပြင် အစ္စရေး၏လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ပြည်သူထောင်ပေါင်းများစွာမှာ ဘေးကင်းရာအရပ်သို့ထွက်ပြေးနေရကြောင်း ကုလသမဂ္ဂမှတာဝန်ရှိသူများကပြောသည်။ ***Ref: RTA***

နေပြည်တော် ဇူလိုင် ၂၃

# ဇေယျာသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ချောင်းမကြီးဆည်နှင့် ငလိုက်ဆည်တို့မှ မြို့ရေပေးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုနှင့် ချောင်းမကြီးဆည်နှင့် ငလိုက်ဆည်တို့မှ မြို့ရေပေးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရေဆင်းရေလျှောင်တမံအတွင်း ရေဝင်ရောက်မှုစိုက်ပျိုးရေပေးဝေနေမှု၊ ဇေယျာသီရိမြို့နယ်အတွင်း ရေဆိုးထုတ်မြောင်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို အမြဲမပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေများ အလေအလွင့်မရှိစေရေးနှင့် စနစ်တကျသုံးစွဲစေရေး ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေမြောင်းများ၊ ချောင်းရိုးများနှင့် ရေဆိုးထုတ်မြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး၊ ဒိုက်များရှင်းလင်းဖယ်ရှားရေး၊ မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

ပဲခူး ဇူလိုင် ၂၃

# ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူလျက်ရှိသော ဦးဆန်းဌေးအောင်၏ "မေမြင့်မိုရ်" မွေးမြူရေးခြံ၌ တိုင်းရင်းကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုနှင့် ဒိုးတန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း YSR-1 မိုးစပါး စံပြမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရွှေလရောင် လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးဆိုင်မှ ပြည်ပသွင်းကုန်အစားထိုး စက်အပိုပစ္စည်းထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လယ်ယာသုံးစက်ကိရိယာများအတွက် စက်အပိုပစ္စည်းအမယ်စုံထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး ၂၅၈ ဧက စုပေါင်းကျောက်မှုန့်ကြဲပက်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

၎င်းနောက် ညောင်လေးပင်မြို့နယ် ဝဲဝန်းရှမ်းစု-ဝဲဝန်းကျောင်းစု ကျေးရွာချင်းဆက်လမ်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အရိပ်ရသီးပင်စားပင်များ စိုက်ပျိုးထားရှိမှု ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းရှိ ပို့ကုန်လမ်းကြောင်း ကုန်စစ်ရုံတည်ဆောက်နေမှုနှင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးစခန်းများ ကုန်စစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ၄၀၁၊ တင်စိုး(ပဲခူး)

လှိုင်ကော် ဇူလိုင် ၂၃

# လှိုင်ကော်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ပြည်နယ်တွင်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်နယ်တွင်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက တစ်ဦးချင်း မိတ်ဆက်တင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကယားပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်ခဲ့မှုကြောင့်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးခဲ့ရပြီး ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ များစွာထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ ယခုအခါ လှိုင်ကော်မြို့ ပြန်လည်တည်ငြိမ်အေးချမ်းမှု ရရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရမည့် အချိန်အခါဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လှိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ၊ ဌာနဆိုင်ရာရုံးများဖွင့်လှစ်နိုင်ရေး ၊ နေရပ်ပြန်ပြည်သူများ လက်ခံခြင်း၊ ပြည်သူများ သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေး ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး ၊ ကျန်းမာရေး စသည့်ပြည်သူများအခြေခံလိုအပ်ချက်များအား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကဏ္ဍစုံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့်အလိုက် ဟန်ချက်ညီဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြောကြားသည်။

ယင်းနောက် လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်ကတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် လှိုင်ကော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်း၍ အလှူငွေကျပ်သိန်း ၅၀၀ အားလှူဒါန်းရာ ကယားပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရန်ကုန် ဇူလိုင် ၂၃

# ရေစီးရေလာကောင်းမွန်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ တကောင်းမြောင်း ရေစီးရေလာအခြေအနေ၊ မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် အင်းလျားရိပ်သာလမ်းရှိ အင်းလျားကန်ရေပိုက်လွှဲရေစီးရေလာအခြေအနေနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ပြည်လမ်းနှင့် ပါရမီလမ်းဆုံနေရာတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ပြည်လမ်းနှင့် ပါရမီလမ်းအား လမ်းသားတိုးချဲ့ခင်းကျင်းခြင်းနှင့် လူသွားစင်္ကြံပြုလုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က ကမ်းစပ်တစ်လျှောက် မြက်ပင်ချုံနွယ်များရှင်းလင်းရန်၊ ကန်ရေမျက်နှာပြင် အမှတ်အသားများ မြင်သာထင်ရှားစွာဆောင်ရွက်ထားရှိရန်၊ ရေစီးရေလာကောင်းမွန်စေရန် လမ်းဘေးရေမြောင်းများ စနစ်တကျဖောက်လုပ်ထားရှိရန်၊ လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းပြီးစီးပါက လမ်းညွှန်အမှတ်အသားများ စနစ်တကျရေးဆွဲထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)



နေပြည်တော် ဇူလိုင် ၂၃

## ထူးခြားသည့် အခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အပူပိုင်းမုန်တိုင်း "ပရားပရွှန်"(Prapircon)သည် ဗီယက်နမ်နိုင်ငံနှင့်တရုတ်နိုင်ငံနယ်စပ်အနီးသို့ ရောက်ရှိခဲ့သည်။ အဆိုပါ အပူပိုင်းမုန်တိုင်း "ပရားပရွှန်"(Prapircon)သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်းရသည်။ (မိုး/ဇလ)

ရန်ကုန် ဇူလိုင် ၂၃

# နိုင်ငံတော်အစိုးရမှ အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာနိုင်ငံမှ သံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအေးသီရိမိုးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် အီဂျစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနတွင် မအေးသီရိမိုး တရားမဝင်နေထိုင်ခဲ့မှုအတွက် သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်ခြင်းနှင့် valid visa လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ဇူလိုင်လ ၂၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၅၀ ၌ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့၍ ရန်ကုန်မြို့သို့ ဇူလိုင်လ ၂၃ ရက် ယနေ့ ည ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်ရန် အေးဂျင့်များချိတ်ဆက်ပေးမှုဖြင့် ရောက်ရှိခဲ့ပြီး ဒူဘိုင်းမြို့ အခန်းတစ်ခန်းတွင် အလုပ်အကိုင်မရှိပဲ ရက် ၂၀ ခန့်နေထိုင်ခဲ့ကာ အေးဂျင့်ဖြစ်သူက ဒူဘိုင်းတွင် အလုပ်မရနိုင်ဘဲ အီဂျစ်နိုင်ငံသို့သွားမှသာ အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လုပ်ခလစာအဖြစ် အမေရိကန်ဒေါ်လာ ၃၅၀ ရရှိမည်ဟု ပြောကြားခဲ့ကြောင်း၊ အကယ်၍ အီဂျစ်သို့မသွားပါက ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ခံရမည်ဖြစ်သောကြောင့် အီဂျစ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အီဂျစ်နိုင်ငံသို့ရောက်ရှိခဲ့ပြီး နေအိမ်တစ်အိမ်၌ ခုနစ်လကြာလုပ်ကိုင်ခဲ့ရကာ လစာအပြည့်အဝမရခြင်း၊ အလုပ်ချိန်များပြားခြင်းတို့ကြောင့် ပင်ပန်းမှုဒဏ်မခံနိုင်တော့သဖြင့် ၂၀၂၄ ခုနှစ် မေလတတိယပတ်တွင် ယင်းအလုပ်မှ ထွက်ပြေးခဲ့ကြောင်း၊ နိုင်ငံကူးလက်မှတ်ကို အိမ်ရှင်ကသိမ်းဆည်းထားပြီး နေထိုင်လုပ်ကိုင်သည့် နေအိမ်လိပ်စာကို မသိသည့်အပြင် ဒူဘိုင်းအေးဂျင့်ကလည်း အဆက်အသွယ်ဖြတ်တောက်ခဲ့သည့် အခက်အခဲများစွာကြောင့် အမိနိုင်ငံသို့ အမြန်ဆုံးပြန်လို၍ ကိုင်ရိုမြို့ရှိမြန်မာသံရုံးနှင့်ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မြန်မာသံရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများ ရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မအေးသီရိမိုးက "သမီးက မိတ္ထီလာမြို့မှာနေပါတယ်။ အသက်က ၂၄ နှစ်ပါ။ သမီးအီဂျစ်နိုင်ငံမှာ တော်တော်ဒုက္ခရောက်နေချိန် မြန်မာသံရုံးကိုသွားခဲ့တယ်။ အစစအရာရာကူညီပေးကြတဲ့သံရုံးက သံအမတ်ကြီးနဲ့ဆရာများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနေရာကနေကန်တော့ပါတယ်။ နောက်ထပ်လည်း မသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ နိုင်ငံတော်ကခွင့်ပြုထားတဲ့ အလုပ်အကိုင်တွေကိုပဲ လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်။ နိုင်ငံတော်ကလူကြီးများနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောကြားသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့်မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ပြည်ပအေဂျင်စီရုံးများနှင့်အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ်လုပ်ကိုင်ရှာဖွေရေးအေဂျင်စီများက လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သောအန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့်နေရာများသို့ရောက်ရှိနေပါက အကူအညီရရှိရန်



အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏အခြေအနေမှန်အား လေ့လာသိရှိထားရန်လိုအပ်ကြောင်း အကြံပြုအသိပေးထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးက ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမြန်မာသံရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဓာတ်ပုံ – ကနူး**

**ညိမ်းသူ(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၂၃

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဧရာဝတီအသင်းက မြဝတီအသင်းကို အနိုင်ရ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီကကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ဧရာဝတီအသင်းနှင့် မြဝတီအသင်းတို့ကစားခဲ့ရာ ဧရာဝတီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက နှစ်သင်းလုံးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှ ကစားသမားအများစုပါဝင်လာသည်နှင့်အညီ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၄ မိနစ်တွင် နော်ထက်ထက်ဝေက ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဧရာဝတီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ပြီး ပွဲချိန် ၅၁ မိနစ်တွင်ပင် စန်းသော်သော်က ဧရာဝတီအသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဒုတိယဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် မြဝတီအသင်းက ပြန်လည်တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် ပန်းအိခိုင်က ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း လက်ကျန်ပွဲချိန်များတွင် ဧရာဝတီအသင်းက ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဧရာဝတီအသင်းက မြဝတီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဧရာဝတီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့် ဇွန်ယုယဦးက ရရှိခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇူလိုင် ၂၃

# အမျိုးသမီး (၁၇) ဦးအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူရန်စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

အမျိုးသမီး (၁၇) ဦးအား ပြည့်တန်ဆာအဖြစ်အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ သန့်ဇင်မော်(ခ)မာမီနှင့် ဝင်းကျော်သူတို့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မ----၊ ၂၇/၂၀၂၃ နှစ်ပါ မိန်းကလေး(၁၇)ဦးကို သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် တောင်ထိပ်ပန်းလမ်းရှိ နေအိမ်တွင် ပိတ်လှောင်ထားပြီး ပြည့်တန်ဆာလုပ်ငန်းတွင် အဓမ္မခိုင်းစေပြီးရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့်သုဝဏ္ဏနယ်မြေရဲစခန်း(ပ)၄၄၈/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သည့် တရားခံ သန့်ဇင်မော်(ခ) မာမီနှင့် ဝင်းကျော်သူတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် သင်္ဃန်းကျွန်းခရိုင်တရားရုံးက ဇူလိုင်လ ၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

၂၄-၇-၂၀၂၄

## နေရာကွက်၍ မိုးကြီးနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား

## Myawady Webportal နှင့် Myanmar National Portal တွင် လေ့လာနိုင်သည်

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား

Myawady Webportal(www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

**ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၄)(ဆေးလုပ်မှု) ရာထူးနေရာများ လျှောက်လွှာခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၄)(ဆေးလုပ်မှု) (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ)နေရာအတွက် အလုပ်ဝင်ရောက်လိုသူများ လျှောက်ထားနိုင်သည်-

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၄)(ဆေးလုပ်မှု) | (၄၈၅) နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် (၃၀-၈-၂၀၂၄)ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာဌာန/ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်သည်၊ (ကြိုတင်မိတ္တူပေးပို့၍ လျှောက်ထားနိုင်ပါသည်) (ရွေးချယ်ခံရပါက မူလရာထူးမှ နုတ်ထွက်နိုင်သူဖြစ်ရမည်။ ပင်စင်အလို့ငှာသာ လုပ်သက်ဆက်စပ်ခွင့်ရှိမည်)

(င) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ရာထူးမှထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(စ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း(မိတ္တူ) တစ်စောင်စီ/ ဘွဲ့တစ်ခုခုရပြီးသူဖြစ်ပါက ဘွဲ့လက်မှတ်မိတ္တူ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှထောက်ခံချက်(မူရင်း)၊

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ(မူရင်း)၊

(င) (၃)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ၊

(စ) အလုပ်သမားမှတ်ပုံတင်(မူရင်း)၊

(ဆ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ၊

(ဇ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း။

၄။ လျှောက်လွှာကို တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် နေပြည်တော်ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနသို့လိပ်မူ၍ လျှောက်လွှာပိတ်ရက်(၃၀-၈-၂၀၂၄)ရက်နေ့ (၁၆း၀၀) နာရီထက်နောက်မကျစေဘဲ လျှောက်ထားရမည်။

၅။ ရွေးချယ်ခံရသူများအား ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၄)(ဆေးလုပ်မှု)(လစာနှုန်း ၁၈၀၀၀၀ိ- ၂၀၀ိ-၁၉၀၀၀၀ိ) အဖြစ်ခန့်ထားမည်ဖြစ်ပြီး ၎င်းတို့သည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဖွင့်လှစ်မည့် (၆)လသင်တန်းကို On Duty ဖြင့် အချိန်ပြည့်တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ရွေးချယ်ခံရသူများသည် နိုင်ငံ့ဝန်ထမ်းအဖြစ် (၂)နှစ်မပျက်မကွက်(မပျက်မကွက်)တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်ဖြစ်ပြီး (၂)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှနုတ်ထွက်လိုပါက လျော်ကြေးငွေ (၅၀၀,၀၀၀ိ/-ကျပ်) ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုသည့်အချက်အလက်များကို ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် (ဖုန်း-၀၆၇-၃၄၁၁၂၇၈၊ ၀၆၇-၃၄၁၁၆၁၂)နှင့် သက်ဆိုင်ရာ နေပြည်တော်ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

## ဧရာဝတီတိုင်းဒေသကြီး
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအကြိမ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအသစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။ **(၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တင်ဒါအောင်မြင်ပြီးသော ကုမ္ပဏီများမပါ။)**

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၄. ၇. ၂၀၂၄ ရက်မှ ၈. ၈. ၂၀၂၄ ရက်အထိ

(ခ) တင်ဒါတင်သွင်းရမည့်ရက် - ၇. ၈. ၂၀၂၄ ရက်မှ ၉. ၈. ၂၀၂၄ ရက် **(၁၄း၀၀ နာရီ)အထိ**

(ဂ) တင်ဒါပိတ်မည့်ရက် - ၉. ၈. ၂၀၂၄ ရက် **(၁၄း၀၀ နာရီ)အထိ**

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီးအသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါဖုန်းနံပါတ်များအား ရုံးချိန်းအတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ** - **၀၄၂-၂၄၅၅၂ (အင်ဂျင်နီယာဌာန)**
- **၀၄၂-၂၁၉၈၁ (ဘဏ္ဍာရေးဌာန)**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ဈေးတောင်ဘက်လမ်း၊ ဦးပိုင်အမှတ်(၃-င/၂)၊ မြေကွက်အမှတ်(၅၄/၁၆၉)နေ၊ ဒေါ်ဆွေမာထွန်း (၉/မထလ(နိုင်)၀၆၇၄၂၆)ကိုင်ဆောင်သူမှ (အလျား ၄၄'-၀"× အနံ ၄၅'-၀") RC (၃)ထပ်ခွဲ အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၁/၉)၊ အောင်ချမ်းသာ(၁၂)လမ်းနေ၊ ဦးဝင်းလှ (၉/မထလ(နိုင်)၀၆၀၁၀၇) ကိုင်ဆောင်သူမှ (အလျား ၂၄'-၀"× အနံ ၁၆'-၀") Steel Structure (၁) ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်နေ ဦးအောင်ဇော်မြင့်(ဘ)ဦးတင်မြင့် ၇/ပခန(နိုင်)၃၇၇၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၀၇၄၉၇၂၅**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်နေ မစိုးစိုးအေး(ဘ)ဦးတင်အေး ၇/ပခန(နိုင်)၀၀၃၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၀၇၄၉၇၂၅**

## ပျောက်ဆုံးကြောင်း

သရက်ချောင်းမြို့၊ ကနက်သီရိရွာနေ သက်ဆန်း(ဘ)ဦးလှဖေ ၆/သရခ(နိုင်)၀၇၅၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 717637) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၄၆၂၄၄၂**

## ပျောက်ဆုံးကြောင်း

ထားဝယ်မြို့၊ ထိန်ပေါင်းရပ်နေ ဟန်နီဦး(ဘ)ဦးသန်းဇော်ဦး ၆/ကသန(နိုင်)၀၇၂၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 953067) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၅၅၈၁၅**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ. ထ. က(၁)၊ Grade-10 ကျောင်းဝင်အမှတ် D-၇၉၅၁ မရွှန်းပြည့်ပိုင်၏ဖခင် ဦးအောင်ခင်စိုး၏ အမည်မှန်မှာ ဦးခင်စိုး ၈/တတက(နိုင်) ၁၁၈၁၆၆ ဖြစ်ပါကြောင်း။

**ဦးခင်စိုး**

## အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပ ရပ်ကွက်၊ နှင်းဆီလမ်း၊ အိမ်အမှတ် ပ/၁၁၆၅ နေ အဘ ဦးမင်းမြတ်စိုး ၁၃/လကန(နိုင်)၀၀၃၈၉၈ ၏ သမီး မစောသီရိနိုင်၏အမည်မှန်မှာ မသီရိနိုင် ၉/နထက(နိုင်)၁၈၄၁၀၆ ဖြစ်ပါကြောင်း။

**မသီရိနိုင်**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပ ရပ်ကွက်၊ နှင်းဆီလမ်း၊ အိမ်အမှတ် ပ/၁၁၆၅ နေ အဘ ဦးမင်းမြတ်စိုး ၁၃/လကန(နိုင်)၀၀၃၈၉၈ ၏ သမီး မစောသီရိနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁. ၁၂. ၁၉၉၈ ဖြစ်ပါကြောင်း။

**၁. ၁၂. ၁၉၉၈**

## ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ ၈၅၇ နေ မိုးမိုးစံ (ဘ)ဦးထွန်းမြင့် ၁၂/ဥကတ(နိုင်) ၂၁၉၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၄၇၈၀၀၀**

## ပျောက်ဆုံးကြောင်း

ချင်းရွှေဟော်မြို့၊ ရပ်ကွက်(၂)နေ မအေးအေးသင်း(ဘ)ဦးလီလောဟိုက် ၁၃/လကန(နိုင်)၀၀၆၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 504097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၁၆၈၆၆၆**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့၊ မြို့မရပ်ကွက်နေ ဒေါ်မီမီဇင်အောင်(ဘ) ဦးအောင်ဝင်း ၅/ဒပယ(နိုင်)၀၈၃၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 945116) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၃၁၈၁၈၈**

## ပျောက်ဆုံးကြောင်း

ဖြူးမြို့၊ ဝဲကြီးအုပ်စု၊ အောက်ခုံရွာနေ သန္တာလင်း(ဘ)ဦးနိုင်လင်း ၇/ဖမန(နိုင်)၂၄၄၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 993240) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

ဖြူးမြို့၊ ဝဲကြီးအုပ်စု၊ ဝဲဒေါင့်ရွာနေ အယ်(လ်)ဂျာဖေဦး(ဘ)ဦးညွန့်ဝင်း ၇/ဖမန(နိုင်)၂၂၀၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 322762) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

အေးချမ်းသူ(ဘ)ဦးသိန်းဝင်း ၈/ဆဖန(နိုင်)၁၂၂၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 212571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၂၆၁၆၃၆၆**

**အလိမ္မာစာမှာရှိ**

ပဲရစ်၊ ဘောလုံး

# ပီအက်စ်ဂျီအသင်းက မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကိုခေါ်ယူရန် ပြင်ဆင်နေ

ပီအက်စ်ဂျီအသင်းက အသင်းကွင်းလယ်ပိုင်းအတွက် ဘင်ဖီကာအသင်းမှ ဂျာအိုနာဗက်ကို ခေါ်ယူရန် ကြန့်ကြာနေသည့်အတွက် မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် အသင်းကွင်းလယ်ပိုင်းအတွက် ဘင်ဖီကာအသင်းမှ ဂျာအိုနာဗက်ကိုခေါ်ယူရန် အစောပိုင်းကတည်းက ကမ်းလှမ်းမှုများပြုလုပ်ထားကာ ကစားသမားဖြစ်သူနှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားပြီးဖြစ်သော်လည်း နှစ်သင်းကြား ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်နေပြီး ဘင်ဖီကာအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ နှင့်အထက်အလိုရှိနေသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။



အသက် ၂၉ နှစ်အရွယ် ဖာနန်ဒက်စ်သည် ၂၀၂၀ ပြည့်နှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ပြီး လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ် ရပ်တည်နေသူဖြစ်သည်။

သို့သော် မန်ယူအသင်းပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်က လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို အပြောင်းအလဲကြီးကြီးမားမားလုပ်ဆောင်နေပြီး ဖာနန်ဒက်စ်ကို သင့်တင့်သည့်ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချဖွယ်ရှိနေသည်။

မန်ယူအသင်းနှင့် ဖာနန်ဒက်စ်တို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုမရှိသေးသောကြောင့် ပီအက်စ်ဂျီအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် ဂျာအိုနာဗက်ကိုမခေါ်ယူနိုင်ပါက ဖာနန်ဒက်စ်ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

***Ref;L'Equipe***

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➢ ချယ်လ်ဆီးအသင်းက မေဂျာလိဂ်ကလပ် အတ္တလန်တာအသင်း လူငယ်ခံစစ်ကစားသမားဝီလီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈ ဒသမ ၅ သန်းဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

➢ ပီအက်စ်ဂျီအသင်းက မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဆန်ချိုကို ခေါ်ယူရန်ကြိုးပမ်းနေပြီး ဆန်ချိုကိုယ်တိုင်ကလည်း မန်ယူအသင်းမှ ထွက်ခွာ၍ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားကြောင်း သိရသည်။

➢ စပါးအသင်းက လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အရောင်းစာရင်းတင်သွင်းထားသည့် ရီဂွန်လွန်နှင့် ဘရိုင်ယန်ဂီးလ်တို့ကို အသင်းလေ့ကျင့်ရေးခရီးစဉ်သွားရောက်မည့် ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။

➢ ချယ်လ်ဆီးအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ခံစစ်ကစားသမား မာလန်ဆားကို လန်းအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီးနောက် လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ***Ref;Fabrizio Romano***

လန်ဒန်၊ ဘောလုံး

# အက်စ်တွန်ဗီလာအသင်းက ကွင်းလယ်ကစားသမားဒီယာဘီကို ရောင်းချပြီးနောက် အက်သလက်တီကိုအသင်းမှ ဂျာအိုဖီးလစ်နှင့်အစားထိုးရန် ကမ်းလှမ်းမှုပြုလုပ်

အက်စ်တွန်ဗီလာအသင်းက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားသည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားဖြည့်တင်းမှုများပြုလုပ်နေပြီး ကွင်းလယ်ကစားသမား ဒီယာဘီကို အယ်အီတီဟက်အသင်းထံ ရောင်းချပြီးနောက် ၎င်း၏နေရာ၌အစားထိုးရန်အတွက် အက်သလက်တီကိုအသင်းတွင် အနာဂတ်မရေမရာဖြစ်နေသည့် ဂျာအိုဖီးလစ်ကို ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဂျာအိုဖီးလစ်သည် အက်သလက်တီကိုအသင်းနည်းပြ ဆီမြွန်နီနှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ခုတွင် ဘာစီလိုနာအသင်းထံ အငှားစာချုပ်ဖြင့်သွားရောက်ကစားခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာအသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် အက်သလက်တီကိုအသင်းနှင့် ပြန်လည်ပူးပေါင်းလျက်ရှိသည်။

ဂျာအိုဖီးလစ်သည် အက်သလက်တီကိုအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းက ဂျာအိုဖီးလစ်ကို မဖြစ်မနေရောင်းချရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းက ဂျူဗင်တပ်စ်အသင်းထံ ရောင်းချခဲ့သည့် ဒေါက်ကလပ်လူးဝစ်၏နေရာ၌ အဲဗာတန်အသင်းမှ အိုနာနာနှင့်အစားထိုးသကဲ့သို့ လက်ရှိတွင်လည်း ဒီယာဘီ၏နေရာ၌ ဂျာအိုဖီးလစ်နှင့် အစားထိုးရန်ကြိုးပမ်းနေကြောင်း သိရသည်။

***Ref;Sky Sports***

လန်ဒန်၊ ဘောလုံး

# ချယ်လ်ဆီးအသင်းခံစစ်ကစားသမား ချာလိုဘတ် ဒဏ်ရာကြောင့် အမေရိကန်နိုင်ငံသို့သွားရောက်သည့် ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင် ချန်လှပ်ခံရ

ချယ်လ်ဆီးအသင်းက ခံစစ်ကစားသမား ချာလိုဘတ်ကို ခြေသလုံးကြွက်သားဒဏ်ရာကြောင့် အမေရိကန်နိုင်ငံသို့သွားရောက်သည့် ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင် ချန်လှပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ချာလိုဘတ်သည် နောက်ပိုင်း ဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများနှင့် သာရုန်းကန်ခဲ့ရပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဒဏ်ရာပြဿနာများကြောင့် ကာလရှည်အနားယူခဲ့ရကာ ပွဲစဉ်အနည်းငယ်သာပါဝင်ကစားခဲ့ရပြီး ပြိုင်ပွဲစုံ ၁၇ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ချာလိုဘတ်ကိုရောင်းချမည့်ကစားသမားစာရင်း၌ ထည့်ထားသကဲ့သို့ အမေရိကန်နိုင်ငံသို့သွားရောက်သည့် ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကိုလည်း ဒဏ်ရာအကြောင်းပြချက်ဖြင့် အသင်းကစားသမားစာရင်းမှချန်လှပ်ခဲ့ပြီး ဆေးဝါးကုသမှုများ ခံယူစေခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းက ချာလိုဘတ်ကို ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင် ထားရစ်ခဲ့ပြီး ၎င်းအတွက် အငှားစာချုပ် သို့မဟုတ် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူမည့်ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းက ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင် ချာလိုဘတ်ကို ချန်လှပ်ခဲ့သော်လည်း ဝက်စလေဖိုဖာနာ၊ အဲလက်ဒီဆာဆီ၊ တိုဆင်တို့ကို ခေါ်ယူခဲ့ကြောင်း သိရသည်။ ***Ref;Football London***



တာချီလိတ်၊ လူမှုရေး

## စက်လှေပေးအပ်လှူဒါန်းပွဲနှင့် ခရိုင်အဆင့် စက်လှေမောင်းသင်တန်းဖွင့်ပွဲကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာ၌ စက်လှေပေးအပ်လှူဒါန်းပွဲနှင့် ခရိုင်အဆင့် စက်လှေမောင်းနှင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၂ ရက်တွင် ရွှေချောင်းသာဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက တာချီလိတ်ခရိုင် မီးသတ်ဦးစီးဌာနသို့ စက်လှေသုံးစင်းလှူဒါန်းသည့် အလှူရှင် ဦးစိုင်းစိုင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မယ်ဟုတ်ချောင်းအတွင်း စက်လှေမောင်းနှင်မှုနှင့်လှေကျင့်သင်ကြားပေးနေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါခရိုင်အဆင့် စက်လှေမောင်းနှင်မှုသင်တန်းတွင် သင်တန်းသား ၂၅ ဦးတို့က စိတ်ပါဝင်စားစွာ တက်ရောက်ပြီး မျက်မှောက်ခေတ်ကာလတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ငလျင်ဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့်စိတ်ပါဝင်စားသူများကို စက်လှေမောင်းနှင်မှုလုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုတတ်စေရန်နှင့် လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)၊ ဇင်ယော်**

မိုင်းပျဉ်း၊ လူမှုရေး

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်ရှိ ကျေးရွာခုနစ်၌၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်သွားမည်ဖြစ်ရာ ဇူလိုင်လ ၂၁ ရက်တွင် ပောင်ကန်အုပ်စု လွှန်စိုင်းကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၂၂ ရက်တွင် ဖာဝေါ်အုပ်စု နောလားကွေ့ကျေးရွာအားလည်းကောင်း တာဝန်ရှိသူများက ကွင်းဆင်း၍ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းရွေးချယ်ခြင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းပျဉ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းလောင်မှိုင်း(လက်ထောက်ညွှန်ကြားရေးမှူး)ကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)၏ရည်ရွယ်ချက်များ၊သဘောသဘာဝများနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြီး ရွာသူရွာသားများက သက်ဆိုင်ရာကျေးရွာအလိုက် ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းသည်။

ထို့ပြင်ကျေးရွာ၏အဓိကလိုအပ်ချက်ကို ရွေးချယ်ကြရာ ကျေးရွာနှစ်ရွာလုံးတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကြီးကြပ်မှုဖြင့် ရွာသူရွာသားများကိုယ်တိုင်ဆောင်ရွက်ရန် အတည်ပြုကြကြောင်း သိရသည်။

**မောင်အိုးစည်**



မိုင်းယု၊ လူမှုရေး

## မိုင်းယုမြို့၌ စာဖတ်သူများထံ စာအုပ်များငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် စာဖတ်သူများအနေဖြင့် စာအုပ်များအလွယ်တကူငှားရမ်းဖတ်ရှုနိုင်ရေးအတွက် Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်းငှားရမ်းပေးကြသည်။

ထိုသို့ငှားရမ်းပေးရာတွင် သုတ၊ ရသစာအုပ်များကို ယူဆောင်ပြီး စာဖတ်သူများ စနစ်တကျငှားရမ်းနိုင်ရေးအတွက် ခင်းကျင်းပြသပေးပြီး စာဖတ်သူတစ်ဦးလျှင် သုတ/ရသ စာအုပ်နှစ်အုပ်နှုန်းဖြင့် တစ်ပတ်ကြာ ငှားရမ်းပေးခြင်းဖြစ်ပြီး ငှားရမ်းဖတ်ရှုပြီးသည့် စာအုပ်များအား ပြန်လည်အပ်နှံမှုလက်ခံရခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ဌာနဆိုင်ရာရုံးများကို နယ်လှည့်စာကြည့်တိုက် Mobile Library စနစ်ဖြင့် စာအုပ်များ ကွင်းဆင်းငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်**

တာချီလိတ်၊ လူမှုရေး

## တာချီလိတ်မြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရပ်ကွက်/ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ဇူလိုင်လ ၂၂ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ခြင်းနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်တို့က ကျေးရွာစာကြည့်တိုက်များအတွက် သုတရသစာအုပ် ၈၂၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူး ၃၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)၊ နေမင်း**



မိုင်းတုံ၊ လူမှုရေး

## မိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇူလိုင်လ ၂၃ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် ဟွေပါလှိုင်းကျေးရွာတွင် စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကာ မိသားစုဝင်ငွေများ ပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ၊ အသင်းသား ၃၀ ဦးကို နဝမအကြိမ်မြောက် ရန်ပုံငွေကျပ်သိန်း ၄၄၀ အထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**

ရန်ကုန် ဇူလိုင် ၂၃

# ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများ မဖြစ်ပွားစေရေး နေ့စဉ်ပုံမှန်ဓာတ်ခွဲစစ်ဆေးလျက်ရှိ



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများအသုံးပြုရန် ရေကောင်း၊ ရေသန့်များကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများမဖြစ်ပွားစေရေးအတွက် ရေအရင်းအမြစ်များနှင့်ရေသန့်စက်ရုံများတွင် နေ့စဉ်ဓာတ်ခွဲစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှသိရသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) အနေဖြင့် အဓိကတာဝန်ဖြစ်သည့် ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်း၊ ရေသန့်များ ပြည်သူများလုံလောက်စွာရရှိရန် ဆောင်ရွက်ပေးရာတွင် ရေဖြန့်ဝေနေသည့် ရေအရင်းအမြစ်များ၊ ရေသန့်စက်ရုံများတွင်ရှိသည့် ဓာတ်ခွဲခန်းများအနေဖြင့် ရေအရည်အသွေးကောင်းများအသုံးပြုနိုင်ရန် pH, Color,Turbidity, Electric Conductivity (EC), Total Dissolved Solids(TDS), Salinity စသည်တို့ကို နေ့စဉ်စစ်ဆေးဆောင်ရွက်နေကြောင်းနှင့် သာကေတမြို့နယ်ရှိ ရေအရည်အသွေးစီမံခန့်ခွဲမှုဗဟိုဓာတ်ခွဲခန်းတွင်လည်း မြို့နယ်အလိုက် ဖြန့်ဝေပေးနေသည့် ရေအရင်းအမြစ်များမှ ရေနမူနာများကို အလှည့်ကျ အချိန်ဇယားများရေးဆွဲပြီး နေ့စဉ်ပုံမှန်ဓာတ်ခွဲစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရေသန့်စင်ရာတွင်အသုံးပြုသည့် ကလိုရင်းလုံလောက်စွာထားရှိပြီး နှစ်စဉ်တင်ဒါစနစ်ဖြင့်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နေ့စဉ် လှော်ကားရေလှောင်ကန်မှ ရေဂါလန်သန်း ၉၀၊ ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ ငမိုးရိပ်ရေသန့်စင်စက်ရုံမှ ရေဂါလန်သန်း ၉၀၊ လဂွန်းပြင်ရေသန့်စင်စက်ရုံမှ ရေဂါလန် ၂၇ သန်း၊ မြေအောက်ရေပေးဝေရေးစခန်းများ ရေဂါလန် သုံးသန်း စုစုပေါင်းရေဂါလန်သန်းပေါင်း ၂၃၇ ဂါလန်ကို ပေးဝေလျက်ရှိသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) အနေဖြင့် ရေအရည်အသွေးတိုးတက်ကောင်းမွန်စေရန်အတွက် နိုင်ငံတကာ ရေအရည်အသွေးဆိုင်ရာပညာရှင်များမှ OJT(On Job Training)များရယူခြင်း၊ ဓာတ်ခွဲခန်းငယ်များတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပို့ချခြင်း၊ ဓာတ်ခွဲခန်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်အား Calibration ပြုလုပ်ခြင်း၊ ရေအရင်းအမြစ်အသစ်များ အသုံးပြုနိုင်ရေးအတွက် Survey ပြုလုပ်ခြင်း၊ Chlorine Disinfection စနစ်အတွက် Residual Chlorine တိုင်းတာစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

ရန်ကုန် ဇူလိုင် ၂၃

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲစတင်ကျင်းပ ချင်းလန်းအက်ဖ်စီအသင်းနိုင်ပွဲရရှိခဲ့ပြီး ကချင်ယူနိုက်တက်နှင့် ရာမညယူနိုက်တက် အသင်းတို့ သရေရလဒ်ထွက်ပေါ်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲကို ယနေ့မှစတင်ပြီး ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့ရာ ချင်းလန်းအက်ဖ်စီအသင်းနိုင်ပွဲရရှိခဲ့ပြီး ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် နှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ပွဲချိန် ၃၂ မိနစ်တွင် ဆန်းမြင့်နိုင်က ရာမညယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၉၁ မိနစ်တွင် ဂျာနော်က ကချင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃နာရီခွဲတွင် တက္ကသိုလ်အားကစားကွင်း၌ ချင်းလန်းအက်ဖ်စီအသင်းနှင့် ဧရာဝတီရိန်းဂျားအသင်းတို့ကစားခဲ့ရာ ချင်းလန်းအက်ဖ်စီအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၄၈ မိနစ်တွင် ဟိန်းသက်ဖြိုး၊ ပွဲချိန် ၇၂ မိနစ်တွင် လှဖုန်းဦးတို့က သွင်းယူပေးခဲ့ပြီး ဧရာဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ထိုက်သူဟန်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဇူလိုင်လ ၂၄ ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင် တက္ကသိုလ်အားကစားကွင်း၌ University အသင်းနှင့် ဆေးဖားလ်စတားအသင်း၊ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ Glory Goal အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇူလိုင် ၂၃

# ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၀ ဒသမ ၅၄ ပေ (၂၁၅၀ စင်တီမီတာ)အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ ၂ ပေခွဲကျော်ခန့် (၈၂ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၃ ပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၂ ပေခန့် (၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ)အထက်သို့ ၁ ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၂၃

# ကျိုက်မရောထောင်တွင် အကျဉ်းသားများကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ ရိုက်နှက်တိုက်ပိတ်ထားကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေ

"ကျိုက်မရောထောင်တွင် နိုင်ငံရေးအကျဉ်းသားငါးဦးကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ ရိုက်နှက်တိုက်ပိတ်ထားပြီး ထောင်တွင်းပုဒ်မများစွာဖြင့် အမှုရင်ဆိုင်နေရ"ဟူသောခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဇူလိုင်လ ၁၆ ရက်တွင် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကိုစိစစ်ရာတွင် ညီညီ(ခ) အရှည်ကြီးအပါအဝင် အကျဉ်းသားငါးဦးသည် ဇွန်လ ၂၇ ရက်က လုံခြုံရေးအရ တပ်ဆင်ထားသည့် CCTV ကင်မရာသုံးလုံးအား မြင်ကွင်းကြည်လင်ပြတ်သားမှုမရှိစေရန်နှင့် လုံခြုံရေးထိခိုက်စေရန်ရည်ရွယ်ချက်ဖြင့် အိပ်ဆောင်နံရံသုတ်ထုံးဖြင့် သုတ်လိမ်းခဲ့သည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသည့်အတွက် ယင်းအကျဉ်းသားများကို တာဝန်ခံအရာရှိက အကျဉ်းထောင်လက်စွဲ ဥပဒေနှင့်အညီ ခြေချင်းခတ်၍ တိုက်ပိတ်ပြစ်ဒဏ်နှစ်ပတ်၊ ပါဆယ်ပစ္စည်းပေးသွင်းခွင့်နှင့် ဧည့်တွေ့ခွင့် တစ်လပိတ်ခြင်းနှင့် တိုက်ပိတ်ပြစ်ဒဏ်နှစ်ပတ်ပြည့်ပါက သီးခြားတိုက်တွင်ထားရှိရန် ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြစ်ဒဏ်ချမှတ်၍ တိုက်ခန်းသို့ ပြောင်းရွှေ့ထိန်းသိမ်းချိန်တွင်လည်း ရိုက်နှက်မှုမရှိကြောင်း၊ ယင်းအကျဉ်းသားများအား တရားရုံးတွင် အမှုဖွင့်တရားစွဲဆိုခြင်းမပြုလုပ်ဘဲ တာဝန်ခံအရာရှိမှ အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ စီမံခန့်ခွဲပြီး ထောင်တွင်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသာဖြစ်သည့်အတွက် Khit Thit Media ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**မိုးအောင်**

နေပြည်တော် ဇူလိုင် ၂၃

# လောင်းလုံမြို့နယ်၊ ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင်လ ၂၂ ရက်နေ့တွင် ဝင်ရောက်စီးနင်းပြီး ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ လောင်းလုံမြို့နယ်အတွင်းရှိ ရင်းဘုတ်ကျေးရွာ၊ ပြင်ချောင်းကျေးရွာနှင့် အနီးဝန်းကျင်တစ်ဝိုက်တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင်လ ၂၂ ရက်နေ့တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ပြီး ထိုသို့ လုံခြုံရေးဆောင်ရွက်ရာတွင် ၎င်းကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုံခြုံရေးဆောင်ရွက်ရာနေရာဒေသများအနီးရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကိုဖမ်းဆီးခြင်း စသည့် လုံ့ဆော်ဝါဒဖြန့်သတင်းမှားများဖြင့်အများပြည်သူစိုးရိမ်ထိတ်လန့်လာစေပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

နေပြည်တော် ဇူလိုင် ၂၃

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။**



**မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် JBL Porty Box (၇)လုံး အပါအဝင် ကုန်ပစ္စည်း(၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ တံတားဦးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် (၂၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် SOJEN Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၂ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ တရားမဝင် အခြားသစ် (သုညဒသမ ၇၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၅၄၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၃ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်သည့် Hijet (၄)စီး၊ Honda Fit (၁)စီး၊ Isuzu (၁)စီး၊ Toyota BB (၁)စီးနှင့် Nissan Liberty (၁)စီး **စုစုပေါင်း မော်တော်ယာဉ် (၈)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၃၇၅၄၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၂၃

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ATH အောင်သက်ထွေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာနေ မင်းမင်းစိုး(ခ)ပိကျိအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ "Razorfox Legends" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်၊ ကံဆည်ကျေးရွာနေ အောင်သူထွေးအား ညနေ ၅ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER
99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
AIBA


ကြံတောင်သူစိုက်ပျိုး၊ ပြည်တွင်းသကြား၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

❖ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ်. . .

❖ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ခြင်းသည် သေချာသည့်ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၅ ကော်လံ ၃ ♦

## ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက်၊ သာစီရပ်ရှိ ချင်းတွင်းမြစ် ကမ်းနားလမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းများဆောင်ရွက်



စာ - ၁၀ သို့

နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချင်းတွင်းမြစ် ကမ်းနားလမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှေ့ဝတီအသင်းက မြဝတီအသင်းကို အနိုင်ရ

စာ - ၂၅ သို့

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

